မြဝတီ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 February 2025 ၁၁၇၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး၊ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ⏣

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။





ယနေ့ ဖတ်စရာ

ရာဂီမုန်တိုင်းကြောင့် နုန်းဖုံးသွားသော လယ်မြေများပေါ်၌ ဆောင်းသီးနှံ ပဲယဉ်းနီ အောင်မြင်ဖြစ်ထွန်း

စာမျက်နှာ » ၁၂

အမျိုးသားပြတိုက်(ရန်ကုန်)၌ “မြန်မာ့သနပ်ခါးနေ့”အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ် ကျင်းပ

စာမျက်နှာ » ၁၃

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အေးချမ်းသာစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ

စာမျက်နှာ » ၁၇

ဂုဏ်ယူဖွယ်ရာသနပ်ခါးအမွေအနှစ်ဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ကြပါစို့

ဆောင်းမှာနွေး၊ နွေမှာအေးပြီး သင်းရနံ့မွှေးပျံ့ကြိုင်လှိုင်သည့် မြန်မာ့ဓလေ့ယဉ်ကျေးမှုပစ္စည်းတစ်ခုမှာ သနပ်ခါးဖြစ်သည်။ သနပ်ခါးသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကာလမှ ယနေ့ထိတိုင် မြန်မာအမျိုးသမီးများ အမြတ်တနိုးတန်ဖိုးထားလိမ်းကျံခြယ်သသော ပစ္စည်းဖြစ်သည်။ ရှင်မတောင်သနပ်ခါး လိမ်းကျံထားသော အမျိုးသမီးတစ်ဦးထံမှ လွင့်ပျံ့လာသည့် သင်းရနံ့မှာ စိတ်နှလုံးချမ်းမြေ့ကြည်နူးဖွယ်ကောင်းလှသည်။ ယနေ့မျက်မှောက်ခေတ်၌ အနောက်တိုင်းအလှခြယ်လူသုံးကုန်ပစ္စည်းများ မည်သို့ပင်နှစ်သက်ကြသည်ဆိုသော်လည်း သနပ်ခါးကို နှစ်သက်မြတ်နိုးကြသည့် မြန်မာအမျိုးသမီးများစွာရှိနေသည်မှာ မြန်မာ့သနပ်ခါး၏ မြန်မာ့ဂုဏ်အင်သက်သေပင်ဖြစ်သည်။

နှစ်ပေါင်းထောင်ချီရှည်ကြာလာပြီဖြစ်သည့် မြန်မာတို့၏ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုဓလေ့နှင့် မြတ်နိုးဖွယ်ရာ မြန်မာ့သနပ်ခါး၏ ဝိသေသလက္ခဏာများကို ထုတ်ဖော်၍ ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအား လုံးကို ကြိုဆိုရမည်ဖြစ်သည်။ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့အစဉ်အလာကို ဒြပ်မဲ့ယဉ်ကျေးမှုကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုက အသိအမှတ်ပြုနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် လိုအပ်ချက်များနှင့် အများပြည်သူလူထုပါဝင်သည့် အထောက်အထားများ ထပ်မံဖြည့်ဆည်းပေးရမည်ဖြစ်၍ မြန်မာ့သနပ်ခါးနှင့်ပတ်သက်သည့် ပြည်သူလူထုလှုပ်ရှားမှုကို တပို့တွဲလပြည့်နေ့က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့သည်။

တပို့တွဲလပြည့်နေ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ဘာသာယဉ်ကျေးမှုအစဉ်အလာအရ မွန်မြတ်သောနေ့ဖြစ်သည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာစွာသက်သေထူနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ နေ့ထူးရက်ထပ်နေ့ဖြစ်ရာ ထိုနေ့ထူးတွင် ပြည်ထောင်စုတိုင်းရင်းသားပြည်သူများ အမြတ်တနိုးတန်ဖိုးထားကြသည့် မြန်မာ့သနပ်ခါးလူထုလှုပ်ရှားမှုကို စတင်ပြုလုပ်နိုင်ခဲ့သည်မှာ ဂုဏ်ယူစရာဖြစ်သည်။ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့်လည်း နှစ်စဉ်တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့ဟု နိုင်ငံတော်ကသတ်မှတ်ပေးခဲ့သည်။ ယခု မြန်မာ့သနပ်ခါးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာသနပ်ခါးပွဲတော်နှင့် သနပ်ခါးသရုပ်ဖော်ပြိုင်ပွဲကို ရန်ကုန်မြို့အင်းယားကန်ပေါင်ဘေးတွင် အမျိုးသား၊ အမျိုးသမီး ရာပေါင်းများစွာတို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

တပို့တွဲလပြည့် မြန်မာ့သနပ်ခါးနေ့ လူထုလှုပ်ရှားမှုပွဲတော်တွင် သနပ်ခါး၏ တန်ဖိုး၊ အကျိုးကျေးဇူး၊ သုံးစွဲသည့်အသက်အရွယ်တို့နှင့် ယူနက်စကို၏ အသိအမှတ်ပြုမှုရရှိရေးအတွက် သဘောတူကြောင်း အများပြည်သူတို့၏ သဘောထားစစ်တမ်းကို ကောက်ယူခဲ့သလို လူမှုကွန်ရက်ပေါ်မှလည်း သဘောထားမှတ်ချက်များ ကောက်ယူခဲ့ကြသည်။ မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှုကို နိုင်ငံတစ်ဝန်းတွင် သနပ်ခါးရက်သတ္တပတ် သို့မဟုတ် သနပ်ခါးလအနေဖြင့် ဖေဖော်ဝါရီလတစ်လလုံး လှုပ်ရှားဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍ သဘောထားစစ်တမ်းကောက်ယူခြင်းကို ဆက်လက်ဆောင်ရွက်ပြီး လာမည့် မတ်လ ၃၁ ရက်နေ့တွင် ယူနက်စကိုသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ဒြပ်ရှိ/ ဒြပ်မဲ့ ယဉ်ကျေးမှုအစဉ်အလာများသည် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီသည့် ပျူခေတ်ကာလကတည်းက ထွန်းကားခဲ့သည်။ ယနေ့ကာလတွင် အဆိုပါယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ဒြပ်ရှိရှေးမြို့ဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် အသိအမှတ်ပြုဝင်ရောက်နိုင်ခဲ့သလို မကြာသေးမီကာလကလည်း နှစ်ပေါင်းထောင်ချီ ရှည်ကြာလာခဲ့သည့် မြန်မာ့ရိုးရာအစဉ်အလာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကိုလည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ကုလသမဂ္ဂယူနက်စကို၏ အသိအမှတ်ပြုစာရင်းသွင်းခြင်းခံခဲ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီကာလကတည်းက ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် မြန်မာလူမျိုးများ၏ နှစ်သက်မြတ်နိုးတွယ်တာဂုဏ်ယူဖွယ်ရာ မြန်မာ့သနပ်ခါး ဒြပ်မဲ့ယဉ်ကျေးမှုဓလေ့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်နည်းတူ အစဉ်အလာကြီးမားကြောင်း သက်သေထူပြကြရမည်ဖြစ်ရာ မြန်မာကိုချစ်သည့် မြန်မာလူမျိုးအားလုံးက မြန်မာ့သနပ်ခါးကို တန်ဖိုးထားမြတ်နိုးကြောင်း ပြသပြီး ကုလသမဂ္ဂယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ဝင်ရောက်နိုင်အောင် လှုပ်ရှားကြကာ နိုင်ငံနှင့် လူမျိုးဂုဏ်ကို သနပ်ခါးဖြင့် မြတ်နိုးစွာမြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပုသ်တသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြခန်းတာဝန်ခံများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အေဂျင်စီများအချင်းချင်းတွေ့ဆုံ၍ မိမိတို့၏ ထုတ်ကုန်များကို နေရာအနှံ့ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့်ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ပိုမိုလေ့လာမှတ်သားနိုင်ရန်နှင့် မိမိတို့လိုအပ်သော ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန်အတွက်လည်းကောင်း၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက်လေ့လာဝယ်ယူအားပေးနိုင်ရေး ရေးရှုခ်ုလည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်ထိ ထပ်မံတိုးမြှင့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပဉ္စလိကာဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

၁၅ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၅၂၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အောင်လံမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

အောင်လံ ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မတ်လတွင်တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကျင်းပမည့် စာစစ်ဌာန စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးထက်ဇော်မင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၈ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများ လဲလှယ်ရန်၊ မီးချောင်း၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ပြုလုပ်ထားရှိရန်၊ မီးသတ်ဆေးဘူးများ ပြန်လည်ဖြည့်တင်းထားရှိရန်၊ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်အမှိုက်များ ရှင်းလင်းထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

ဂုဏ်ယူ

စာတည်းမှူးချုပ်	- ဦးဝင်းနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
ခေတ္တ စာတည်းမှူး	- ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	- ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
		စာပြင်	- ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၂၅၊ ၀၆၇-၃၄၁၃၃၀၊ ဖက်စ် ၀၆၇-၃၄၁၃၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး ၄က်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင် ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် နှစ်ချပ်အား ကပ်လှူပူဇော်စဉ်။



◎ ရှေ့ဖုံးမှ

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီးအထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌမ်းစေတီပေါ်သို့ တက်ရောက်၍ စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်၏ ကြုံခိုင်မှုအား ကြည့်ရှုစစ်ဆေးဖူးမြော်ကြည်ညိုပြီး စိန်၊ ရွှေ၊ ကျောက်သံ ပတ္တမြားများနှင့် သာသနာရေးဆိုင်ရာ ပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌမ်းစေတီအထက်မှ ရန်ကုန်မြို့၏မြို့ပြဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများအား ကြည့်ရှုပြီး မြို့သာယာလှပရေးနှင့် အဆင့်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်၄က်မြတ်နားတော်မြတ်၏ ကြုံခိုင်မှုများနှင့် ယခင် အလှူရှင်များ၏ လှူဒါန်းမှုများကို ကြည်ညိုသဒ္ဓါတရားပွားများ ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ၄က်ပျော ဖူးတော်နေရာ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင် ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် နှစ်ချပ်အား ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သာသနာရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့မှုနှင့် ယခု ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှု အခြေအနေများကို တင်ပြရာ၌ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူရန်အတွက် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား(Gold Plate) အနေဖြင့် စုစုပေါင်း အချပ် ၁၂၀၀ လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ အချပ် ၁၀၆၀ ဖြစ်သဖြင့် ကပ်လှူရန်ကျန် အချပ် ၁၄၀ လိုအပ်လျက်ရှိမှု၊ တစ်ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) အနေဖြင့် စုစုပေါင်း အချပ် ၁၀၀၀၀ လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ အချပ် ၇၅၀၀ ဖြစ်သဖြင့် ကပ်လှူရန်ကျန် အချပ် ၂၅၀၀ လိုအပ်လျက်ရှိမှု၊ စေတနာရှင် အလှူရှင်များ အနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ **စာမျက်နှာ ၄ သို့ »»»**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများအား ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

»»» စာမျက်နှာ ၃ မှ

တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အတွင်းလှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံနှင့် ရန်ကုန်မြို့တို့၏ အထင်ကရ စေတီတော်မြတ်ကြီးဖြစ်ပြီး ခေတ်အဆက်ဆက် မင်းများ၊ အစိုးရများနှင့် စေတနာရှင်ပြည်သူများက အစဉ်အဆက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ဌက်ပျောဖူးတော်ကို ရွှေပြားသင်္ကန်းဖြင့် စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင် ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့ကြောင်း၊ ထို့နောက် ၁၉၄၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သုံးနှစ်လျှင် တစ်ကြိမ်၊ လေးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြကြောင်း၊ ယင်းနောက် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လေးနှစ်လျှင် တစ်ကြိမ်၊ ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြပြီး ယင်းကာလအတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ် အပါအဝင် အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည့် ရွှေပြားများကို လည်း လဲလှယ်ကပ်လှူပူဇော်ခဲ့ကြကြောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ (နှစ်ပေါင်း ၄၀ ခန့်ကာလအတွင်း) လေးနှစ်လျှင် တစ်ကြိမ်၊ ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြရာယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကိုးကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ရန် အတွက် ငြမ်းစေတီကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်နေ့မှစ၍ မင်္ဂလာရထားပျံဖြင့် ရွှေပြားသင်္ကန်းတော်များကို စတင် ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ယခုနှစ် မတ်လတတိယပတ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate)အချပ် ၁၄၀ နှင့် တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating)အချပ် ၂၅၀၀ တို့ကပ်လှူရန်ကျန်ရှိနေကြောင်း သိရှိရပြီး စေတနာရှင် အလှူရှင်များ အနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား (Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီးပါဝင် ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်





ရွှေတိဂုံစေတီတော်မြတ်ကြီး ၄က်ပျောဖူးတော်နေရာ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော်နှစ်ချပ်အား တွေ့ရစဉ်။





ရွှေတိဂုံစေတီတော် ၄က်မြတ်နားတော်၌ ယခင်အလှူရှင်များ လှူဒါန်းထားမှုကို ကြည်ညိုသဒ္ဓါပွားဖွယ် ဖူးတွေ့ရစဉ်။



★ ကျောဖုံးမှ

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှဝန်ထမ်းများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများနှင့် အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကိုပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်သည်။ ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက “ငြိမ်းချမ်းဝေစည် တို့မြန်ပြည်” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Vedio Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Entertainment Channel ရုပ်သံလိုင်းအသစ်၊ MRTV DVB – T2 စနစ်ဖြင့် ရန်ကုန်၊ နေပြည်တော်(ပျဉ်းမနား) နှင့် စစ်ကိုင်း(မန္တလေး)တို့တွင် High Definition (HD) အရည်အသွေးဖြင့် ရုပ်သံလိုင်း ၁၂ လိုင်း ထုတ်လွှင့်နေမှုမှ တစ်လိုင်း ထပ်မံတိုးချဲ့၍ Mahar HD ရုပ်သံလိုင်းအသစ်ထုတ်လွှင့်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရေဒီယို ထုတ်လွှင့်မှုကို MRTV Radio Application ဖြင့် အွန်လိုင်းလွှင့်တင်မှုတို့အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏အစ “ရန်ကုန်ရေဒီယို (Rangoon Radio)” က ဟု ခေါ်တွင်ခဲ့ရာက “ဗမာ့အသံ (Burma Broadcasting Service – BBS)”ဟု အမည်ပြင်ဆင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နေ့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယမှစတင်ပြီး ကျင်းပခဲ့ရာ ယခုအခါ (၁၈)ကြိမ်မြောက် ကျင်းပနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုလိုအခမ်းအနားကို တက်ရောက် အမှာစကားပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

MRTV ၏ နှစ်ပတ်လည်နေ့ အခမ်းအနားနေ့များတွင် ပြုပြင်ပြောင်းလဲဆန်းသစ်မှုများကို တစ်နှစ်ထက်တစ်နှစ်၊ တစ်ခုပြီးတစ်ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူကိုပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ အသိပညာပေးခြင်းများ များမားမတ်မတ်နှင့် ဝံ့ဝံ့ကြွားကြွားစိုက်ထူနိုင်ခြင်းပင်ဖြစ်သည်ဟု အသိအမှတ်ပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ငြိမ်းချမ်းဝေစည် တို့မြန်ပြည်" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

★ စာမျက်နှာ ၅ မှ

ယနေ့ (၇၉)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် MRTV ၏ DVB–T2 စနစ်ဖြင့် ထုတ်လွှင့်မှုတွင် မူလက ၁၈ လိုင်း ဖြင့် ထုတ်လွှင့်ခဲ့ရာကနေ တစ်လိုင်း ထပ်မံ တိုးချဲ့ပြီး "MRTV Entertainment Channel (me)" အသစ်တစ်လိုင်းကို HD အရည်အသွေးနှင့် ထုတ်လွှင့်နိုင်ရန် ယနေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့တွင် (Standard Definition–SD) အရည်အသွေးနှင့် ထုတ်လွှင့်နေရာမှ အရည်အသွေးမြင့် (High Definition –HD) ရုပ်သံလိုင်း သုံးလိုင်းအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး ၎င်း အနက် တစ်လိုင်းကို မဟာရုပ်သံအတွက် ခွဲပြပေးကာ ယနေ့တွင်ပင် ဖွင့်လှစ်ပေး ခဲ့ပြီးဖြစ်ကြောင်း။

MRTV ၏ Broadcast Media များ ဖြစ်သည့် TV နှင့် Radio တို့မှ ထုတ်လွှင့် ခဲ့ရာမှ ခေတ်နှင့်အညီ လူတိုင်းလက်လှမ်း မီစွာ အရှိန်အဟုန်ဖြင့် အသုံးပြုလာကြ သည့် Mobile Phone များပေါ်တွင် "MRTV Application"နှင့် ကြည့်ရှုနိုင်ရန် စတင်ထုတ်လွှင့်ပေးခဲ့ရာ ယခုအခါရေဒီယို ကဏ္ဍကို သီးခြားခွဲထုတ်ပြီး "MRTV Radio Application" ကိုလည်း တစ်ဆက်တည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် MRTV မှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ် ပန်ဆင်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များ ကို ဆန်းသစ်တီထွင်လိုစိတ်နှင့် စည်းစည်း လုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်း ထမ်းဆောင်နိုင်ကြသဖြင့် ထွက်ပေါ်လာ သည့် အောင်မြင်မှုရလဒ်များ ဖြစ်ကြောင်း အသိအမှတ်ပြု ပြောကြားလိုကြောင်း။

ယခုအခါတွင် MRTV သည်ပြန်ကြားရေး ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက် မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက် ထက်မြက်သော၊ ဆန်းသစ်ခေတ်မီသော နိုင်ငံတော် မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်း အကောင်အထည်ဖော် ဆောင် ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ မူလ ရည်မှန်းချက်သုံးရပ်ဖြစ်သည့် သတင်း အချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေး ရန် တာဝန်များကို ရုပ်မြင်သံကြား၊ ရေဒီယို နှင့် New Media ဖြစ်သည့် Online Media များကနေ ထုတ်လွှင့်တင်ဆက်ပေးနိုင်သည့် အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီး၊ အခမ်းအနားကြီးများတွင်လည်း ကဏ္ဍစုံ ကနေ တက်ကြွစွာပါဝင်ဆောင်ရွက်နေ သည်ကို ဂုဏ်ယူဖွယ်တွေ့ရကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ကာကွယ်ရေး နှင့် လုံခြုံရေးတာဝန်များကို စွန့်စွန့်စားစား ထမ်းဆောင်နေကြသည့် တပ်မတော်သား များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွားရောက် ဖျော်ဖြေပြီး စိတ်ဓာတ်ခွန်အား မြှင့်တင် ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်နေကြသည့် နိုင်ငံ့ဝန်ထမ်း များ အပန်းပြေစေရန် ဖျော်ဖြေတင်ဆက် ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုး အားထားပြုရမည့် လူရည်ချွန်များ ပျော်ရွှင်လန်းဆန်း တက်ကြွစေရန် အပန်းဖြေစခန်းများအထိ သွားရောက် ဖျော်ဖြေပေးခြင်းစသည့် ပြည်သူ့ဆက်ဆံ ရေးလုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် တိုးမြှင့်ဆောင်ရွက်ပေးသည်ကို တွေ့မြင် နေရသည့်အပြင် MRTV အနေဖြင့် တိုင်းရင်းသားဘာသာစကား ၁၈ မျိုး အပါအဝင် စုစုပေါင်းဘာသာစကား ၂၀ ဖြင့် ထုတ်လွှင့်နိုင်ခြင်းသည်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ မျက်မှောက် အခြေအနေနှင့် မိမိတို့မြန်မာနိုင်ငံ၏ ပကတိ အခြေအနေများအရ တိုင်းရင်းသား အားလုံး ချစ်ကြည်စွာ စည်းလုံးညီညွတ် ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ ခိုင်မြဲစေရန်၊ အမျိုးသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရေးတို့အတွက် ပြန်ကြားရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် မီဒီယာပိုင်း က ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးရန် အရေးကြီးသည်ကို မှာကြားလိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ပေါင်း တစ်ရာကျော်သည် တစ်မြေတည်း နေ၊ တစ်ရေတည်းသောက်ကြသည့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ပေါင်းထောင်ချီ ပြီး စုပေါင်းနေထိုင်ခဲ့ကြသည်ကို အားလုံး သိရှိကြပြီးဖြစ်ကြောင်း။

သမိုင်းကြောင်း အစဉ်အလာအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများ စုပေါင်း တည်ဆောက်ထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးမည့် အခြေအနေအမျိုးမျိုး ကြုံတွေ့ခဲ့ရချိန် တိုင်းတွင် တပ်မတော်နှင့်အတူ နိုင်ငံနှင့် ပြည်သူကို ချစ်မြတ်နိုးကြသည့် မြန်မာ နိုင်ငံသားအားလုံးက (We are Myanmar) ဆိုသည့် မြန်မာစိတ်၊ တစ်သွေးတစ်သား တည်းစိတ်၊ စုစည်းညီညွတ်သည့်စိတ်၊ စည်းလုံးညီညွတ်သည့်စိတ်၊ စိတ်ဝမ်း မကွဲပြားသော စိတ်ဓာတ်အားမာန်များဖြင့် စုပေါင်းပြီး ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်ကို တွေ့မြင်ကြရ မည်ဖြစ်ကြောင်း။

ထိုသို့ သမိုင်းအစဉ်အလာကောင်းသည့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို မပျက် ယွင်းစေဘဲ သမိုင်းပေးတာဝန်ကို ကျေပွန် အောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီး၏ အနာဂတ်သမိုင်းကြောင်းကောင်း အောင်၊ အခြားနိုင်ငံများနည်းတူ တန်းတူ ဖွံ့ဖြိုးတိုးတက်လာအောင်၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲအောင် စည်းလုံး ညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ် နှင့်အတူတကွ လက်တွဲအကောင်အထည် ဖော်ကြရန်လိုကြောင်း။

အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်မှာ နိုင်ငံ တစ်ဝန်းလုံးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒ အမှန်ဖြစ်သကဲ့သို့ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံးက ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လိုကြသည့် ဆန္ဒအမှန် လည်းဖြစ်ကြောင်း။ **စာမျက်နှာ ၇ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန်နှင့် စစ်ကိုင်း၊ မန္တလေးမြို့တို့တွင် HD ရုပ်သံလိုင်းသုံးလိုင်း တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ မျက်မှောက်အခြေအနေနှင့် မိမိတို့ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအရ တိုင်းရင်းသားအားလုံး ချစ်ကြည်စွာ စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ ခိုင်မြဲစေရန်၊ အမျိုးသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် မီဒီယာပိုင်းက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးရန် အရေးကြီး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ အသံသွင်း Studio တွင် "အရုပ်မျက်နှာပန်းမျက်နှာ" အသံသွင်းဇာတ်လမ်း သရုပ်ပြအသံသွင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

★ စာမျက်နှာ ၆ မှ

သို့သော်ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများအတွင်း အချင်းချင်းသံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ်လာအောင် သွေးခွဲရန်တိုက်မှုများ၊ မြောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပက စွက်ဖက်မှုမျိုးစုံနှင့် ပြုလုပ်နေကြသည်မှာ အထူးသဖြင့် ပြည်ဖျက်မီဒီယာများက သတင်းတု သတင်းမှားများနှင့် ကောလာဟလများကို မဟုတ်မမှန် ထုတ်ဖော်ပြသခြင်း၊ သတင်းမှားများ တင်ဆက်ခြင်းများကလည်း မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်မှ ကြီးမားသည့် အန္တရာယ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အပါအဝင် ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးအနေဖြင့် နိုင်ငံတော် မီဒီယာဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် အထူးမှာကြားလိုကြောင်း။

MRTV အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများက သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသည်ကို အသိအမှတ်ပြုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အလျင်အမြန် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ သမိုင်းပေးတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရန် ထပ်ဆင့်မှာကြားလိုကြောင်း။

တိုးတက်အောင်ဆောင်ရွက်

ရုပ်မြင်သံကြား ထုတ်လွှင့်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့ထုတ်လွှင့်လိုက်သည့် အစီအစဉ်များသည် လူအများစိတ်ဝင်စားပြီး လူကြိုးလူငယ်၊ လူရွယ်လူလတ်အားလုံး လွယ်လွယ်ကူကူ သိရှိနားလည်မှတ်သားစေနိုင်မည့် အစီအစဉ်များဖြစ်ရန် လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာက သတင်းထုတ်လွှင့်မှုများကို လေ့လာပြီး မိမိတို့၏ အားနည်းချက်များကို အားသာချက်များအဖြစ် တိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ကာလသည် နည်းပညာခေတ်ဖြစ်ပြီး AI ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ MRTV သည် နည်းပညာအခြေခံဖြင့် လုပ်ဆောင်နေရသည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် နည်းပညာနှင့် အတတ်ပညာများကို ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများကို အတွေ့အကြုံကောင်းကောင်း၊ အသိအမြင်ကျယ်ကျယ်နှင့် ဆောင်ရွက်သွားကြရန်လည်း လိုအပ်သည့်အတွက် လေ့လာဆည်းပူးခြင်းနှင့် ဖတ်မှတ်လေ့လာမှုများကို အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အသံနေအသံထားနှင့် အသံထွက်၊ အဖြတ်အတောက်များ မှန်ကန်ရန်နှင့် ရုပ်ရည်အနေအထားကလည်း တည်တည်ကြည်ကြည်၊ ပျော့ပျော့ပျောင်းပျောင်း၊ နားထောင်ကြည့်ရှုနေသူများကို ဆွဲဆောင်မှုရှိပါက မိမိတို့၏ ထုတ်လွှင့်မှုများသည် ပိုမိုထိရောက်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များနှင့် ဖန်တီးထုတ်လုပ်ပြီး ဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

မြန်မာနိုင်ငံတွင် မီဒီယာနှင့်အနုပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူများ အားကိုးအားထားပြုရသော တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသူနိုင်ငံသားများအတွက် သတင်းအချက်အလက်အပါအဝင် အသိပညာဗဟုသုတများ မျှဝေပေးခြင်း၊ ဖျော်ဖြေတင်ဆက်ပေးခြင်းများနှင့် ပရိသတ်များ၏ စိတ်နှလုံးတွင် မှတ်မှတ်ထင်ထင် စွဲစွဲမြဲမြဲဖြစ်အောင် စွမ်းဆောင်ပေးကြရန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာအထိ ကောင်းသတင်းများ မွေးပျိုမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်စွာလျှောက်လှမ်းမှုတို့နှင့် တင့်တင့်တယ်တယ် ရှင်သန်ရပ်တည်နိုင်ပါစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၇၉)နှစ်မြောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ငွေကျပ် ၇၅ သိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က MRTV Multiplayout Package တွင် မူလရုပ်သံလိုင်း ၁၈ လိုင်းမှ ၁၉ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲ Earth Station ဌာနစိတ်မှဝန်ထမ်းများ၊ နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန်နှင့် စစ်ကိုင်း၊ မန္တလေးမြို့တို့တွင် HD ရုပ်သံလိုင်း သုံးလိုင်း တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှဝန်ထမ်းများ၊ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ အာရှ ပစိဖိတ် ရုပ်သံလုပ်ငန်းအဖွဲ့အစည်း ABU မှစီစဉ်ကျင်းပခဲ့သည့် ABU Diversity and Inclusion Media Award 2024 တွင် "Major Workforce of MRTV" ခေါင်းစဉ်ဖြင့် ထူးချွန်ဆုရရှိခဲ့သည့် MI Channel မှ ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်အေးအေးကျင်၊ တရုတ်နိုင်ငံ CGTN Myanmar မှ စီစဉ်ကျင်းပခဲ့သည့် "မှတ်မိစွဲထင် အမှတ်တရခရီးစဉ်" ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်စုသက်မှူးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

စာမျက်နှာ ၈ သို့ ★

❖ ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများအတွင်း အချင်းချင်းသံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ်လာအောင် သွေးခွဲရန်တိုက်မှုများ၊ မြောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပက စွက်ဖက်မှုမျိုးစုံနှင့် ပြုလုပ်နေကြသည်မှာ အထူးသဖြင့် ပြည်ဖျက်မီဒီယာများက သတင်းတု သတင်းမှားများနှင့် ကောလာဟလများကို မဟုတ်မမှန် ထုတ်ဖော်ပြသခြင်း၊ သတင်းမှားများ တင်ဆက်ခြင်းများကလည်း မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်မှ ကြီးမားသည့်အန္တရာယ်ဖြစ်

❖ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးအနေဖြင့် နိုင်ငံတော်မီဒီယာဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

★ စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု မြဝတီ တေးဂီတအဖွဲ့နှင့် ပြင်ပအနုပညာရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှု

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းစဉ်ဂီယိုများ၊ ထုတ်လွှင့်ခန်းများ၊ Convergence News Room အခန်းများကို လေ့လာခြင်း၊ MSME Promo များအား မြန်မာနှင့် တိုင်းရင်းသားဘာသာများဖြင့် ရိုက်ကူးထုတ်လုပ်နေမှုများ၊ AI နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်နိုင်ရန် လေ့လာစမ်းသပ်နေမှုများ၊ အသံသွင်း Studio တွင် “အရုပ်မျက်နှာပန်းမျက်နှာ” အသံသွင်းဇာတ်လမ်း သရုပ်ပြအသံသွင်းနေမှုများကို လိုက်လံကြည့်ရှုရာ ကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြကြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဆည့်ခံသည့် နေ့လယ်စာကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး သုံးဆောင်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ ရည်မှန်းချက်များနှင့် အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို(Rangoon Radio)မှ ဗမာ့အသံ(Burma Broadcasting Services–BBS)အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန် ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers’၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဖက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံ ရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

ပြည်သူများ အရုပ်၊ အသံ အရည်အသွေးကောင်းမွန်သည့် အစီအစဉ်များ ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2 စနစ်တွင် HD Quality ဖြင့် ဌာနပိုင်ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများအပါအဝင် ၁၈ လိုင်း ထုတ်လွှင့်ရာမှ တိုးချဲ့ Mahar HD ရုပ်သံလိုင်းသစ်ကို ယနေ့စတင်ထည့်သွင်းထုတ်လွှင့်ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ဌာနပိုင်နှင့် ပုဂ္ဂလိကရုပ်သံလိုင်းများ အပါအဝင် စုစုပေါင်း ရုပ်သံလိုင်း ၁၉ လိုင်းဖြင့် ထုတ်လွှင့်လျက်ရှိရာမှ MRTV ၏ ဖျော်ဖြေရေးသီးသန့်ရုပ်သံလိုင်း MRTV Entertainment Channel ကို တိုးချဲ့ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ အလားတူ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ Online Media ဖြင့်လည်း လွှင့်တင်လျက်ရှိရာ MRTV Application(MRTV App) နှင့် MRTV Web Portal၊ Facebook၊ Telegram၊ Tiktok တို့အပြင် ရေဒီယိုသီးသန့်နားဆင်နိုင်မည့် MRTV Radio App ကိုလည်း စတင်လွှင့်တင်ခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် (၇၉)နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❖ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers’၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဖက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံ ရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိ

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရောက်ရှိပြီး စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ မိမိတို့ ရှေ့ဘဝသာယာလှပရေးအတွက် ရည်မှန်းချက်ချမှတ်ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အဝေးသင် သင်တန်း ကျောင်းသား ကျောင်းသူများ ကျောင်းဝင်မှတ်ပုံတင်ခြင်း၊ ကျောင်းလခပေးသွင်းခြင်းနှင့် အွန်လိုင်းမှငွေပေးသွင်းသည့်စနစ်ဖြင့် ကျောင်းအပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကာ သန့်ရှင်းသာယာရေး၊ ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဒဂုံတက္ကသိုလ်သို့ရောက်ရှိကာ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများနှင့် ငါးစာ၊ ကြက်စာ၊ သားလောင်းအမျိုးမျိုး သားဖောက်သုတေသန ပရောဂျက် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး သင်ကြားရေးဌာနများကို စစ်ဆေးသည်။

ယင်းနောက် မြန်မာစာဌာန မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့တက်ရောက်ပြီး ဂါရဝတရား၊ နိဝါတတရား လိုက်နာကျင့်သုံးရေး ရှင်းလင်းမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနသို့ ရောက်ရှိကာ မြန်မာ၊ အင်္ဂလိပ် အဘိဓာန်ပြုစုရေးကော်မတီနှင့် တွေ့ဆုံသည်။



ဆက်လက်၍ ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် အဝေးသင်ပညာရေး အရည်အသွေးကောင်းမွန်ရေး နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ခေတ်မီနည်းပညာ/အတတ်ပညာများကို အမြဲမပြတ်လေ့လာသင်ယူပြီး ဆန်းသစ်တီထွင်မှုများစွာဖြင့် ရလဒ်ကောင်းများပိုမိုထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအတွက် ဗလာမပါ ကံစမ်းမဲချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အသစ်တစ်ဖန် ခေတ်သဏ္ဌာန်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နယ်ပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော် မီဒီယာပုံစံဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ကြိုးပမ်းဆောင်ရွက်မှုအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲတိုးတက်နေသော ခေတ်မီနည်းပညာ/အတတ်ပညာများကို အမြဲမပြတ် လေ့လာသင်ယူပြီး ဆန်းသစ်တီထွင်မှုများစွာဖြင့် ရလဒ်ကောင်းများပိုမိုထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပေါ် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ယုံကြည်အလေးထားမှုကို ဂုဏ်ယူတန်ဖိုးထားပြီး မိမိတို့၏ လုပ်ငန်းတာဝန်များအပေါ် စေ့စပ်သေချာစွာဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်အား ပြည်ထောင်စုဝန်ကြီးထံ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းလုပ်သက် (၃၇)နှစ် ပြည့်မြောက်သည့် ဝန်ထမ်း၁၃ဦးတို့အားလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်



ရရှိကြသည့် ဝန်ထမ်း ၂၁ ဦးအနက်မှ ကိုယ်စားလှယ် တစ်ဦးအား လည်းကောင်း၊ DTH စနစ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲမှ 9 Meter နှင့် အထောက်အကူပြုအဖွဲ့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဧနီးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားနေ့ အထိမ်းအမှတ် Short Film ပြိုင်ပွဲတွင် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ပထမဆု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသူများအား လည်းကောင်း၊(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူ ဝန်ထမ်း ၁၂ ဦးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အသင်းနှင့် အမျိုးသားအားကစားပွဲတော်တွင် ကရာတေးတစ်ဦးချင်းပြိုင်ပွဲ၌ တတိယဆုရရှိသူ တစ်ဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အစီအစဉ်ထုတ်လုပ်မှု ထူးချွန်ဆု၊ သတင်းတည်းဖြတ်ထုတ်လွှင့်မှု ထူးချွန်ဆု၊ သတင်းတင်ဆက်မှု ထူးချွန်ဆု၊ ရိုက်ကူးထုတ်လုပ်မှု ဆိုင်ရာ ထူးချွန်ဆု၊ စက်မှုဆိုင်ရာ ထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆု၊အဆောင်၊ နေအိမ်လိုင်းနှိုင့် စက်ရုံများအလိုက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများအား ဒုတိယဝန်ကြီး ဦးရဲတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအတွက် ဗလာမပါ ကံစမ်းမဲ ခြောက်ဆုကို ဖွင့်ဖောက်ပေးအပ်ပြီး ဌာနအစီအစဉ်ဖြင့် ကံစမ်းမဲများ ဖွင့်ဖောက်ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးဝင်းဖေ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး သုခဒုံပြည်သူ့အဌားအိမ်ရာစီမံကိန်းအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေသည့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) သို့ ရောက်ရှိပြီး ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သုခဒုံပြည်သူ့အငှားအိမ်ရာစီမံကိန်း လုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သုခဒုံပြည်သူ့အငှားအိမ်ရာစီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အစည်းအဝေးသို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုး၊ ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာ၊ အင်ဂျင်နီယာမှူးကြီး ဒေါ်ခင်သီသီ၊ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော် နှင့် စီမံကိန်းမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက စီမံကိန်းတာဝန်ရှိသူများအနေဖြင့် အမှန်တကယ် ပြီးစီးနိုင်သည့် အဆောက်အအုံများ၏ စာရင်းကိုသာ တင်ပြရန်လိုကြောင်း၊ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၁၇လုံး အနက် ၁၂ လုံးကို မတ်လအတွင်း အပြီးဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အအုံများပြီးစီးပါက အခန်းနေရာချထားနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ခင်သီသီက အိမ်ရာစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ပြီးစီးရမည့်နေ့ရက်များ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့် မြေညီထပ်အခန်းဖွဲ့ကာရန်ခြင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က အိမ်ခန်းနေရာ ချထားပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းအခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက အိမ်ရာစီမံကိန်းဆိုင်ရာ အခြေအနေများအား ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

ပခုက္ကူမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနကျောင်းများ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကျောင်းများကို ယမန်နေ့က မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးအကြံပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ၆၁ ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကာ ၇၃၈ ဦး ဆက်လက်လွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ပြည်ပနိုင်ငံသား ၇၉၉ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအနက် ၆၁ ဦးကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်ပနိုင်ငံသား ၆၉ ဦးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ပနိုင်ငံသား ၂၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြည်ပနိုင်ငံသား ၄၆၉ ဦးကိုလည်းကောင်း စုစုပေါင်း ၇၃၈ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စာရင်းကောက်ယူပြီး ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဗီယက်နမ်၊ ယူဂန္ဒာ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံ(တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြသည်။

နိုင်ငံတော်အနေဖြင့် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရသည်-

Mr. Pon Wan Pin(တရုတ်နိုင်ငံသား)

မြဝတီမြို့ ရွှေကုက္ကိုလ်မှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်း တရုတ်နိုင်ငံသား Mr. Zeng Hai Ming က ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ လစာ ယွမ် ရှစ်ထောင်ရတဲ့ အလုပ်ရမယ်ဆိုပြီး ဆက်သွယ်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ လေကြောင်းခရီးနဲ့ တရုတ်နိုင်ငံ ကွမ်တုံးလေဆိပ်ကနေ ထိုင်းနိုင်ငံ ဘန်ကောက် လေဆိပ်ကို ရောက်ရှိခဲ့ပါတယ်။ လေဆိပ်ကို ရောက်တဲ့အခါမှာ ထိုင်းလူမျိုး တစ်ဦးက ကားနဲ့ လာကြိုပြီး ထိုင်းနိုင်ငံကနေ မဲဆောက်မြို့ကို ထွက်လာခဲ့ပါတယ်။ ရှစ်နာရီကြာ ကားစီးပြီး မဲဆောက်မြို့ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီကနေ သောင်ရင်းမြစ်ကို ဖြတ်ပြီးတဲ့အခါ သူငယ်ချင်း Mr. Zeng Hai Ming က ကားနဲ့ လာကြိုပါတယ်။ ၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ မယ်ထော်သလေးဒေသမှာရှိတဲ့ တရုတ်လူမျိုး Shi Sam ပိုင်ဆိုင်တဲ့ Ti Can ကုမ္ပဏီကို ရောက်ရှိခဲ့တယ်။ အဲဒီကုမ္ပဏီမှာ ကျွန်တော် သုံးလခန့် အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီကတစ်ဆင့် KK Park မှာရှိတဲ့ တရုတ်လူမျိုး Di Jen ပိုင်ဆိုင်တဲ့ Zho Ye ကုမ္ပဏီကို အပို့ခံရပြီး လေးလခန့် အလုပ်လုပ်ခဲ့ရပါတယ်။ အဲဒီနောက် ရွှေကုက္ကိုလ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ ရောက်ရှိပြီး တရုတ်လူမျိုး Long Liu ပိုင်ဆိုင်တဲ့ Chiang Ying ကုမ္ပဏီမှာ အွန်လိုင်းကနေ ကွန်ပျူတာနဲ့ Customer ရှာဖွေတဲ့ အလုပ်ကို နေ့စဉ် ည ၉ နာရီကနေ နောက်နေ့ ညနေ ၅ နာရီအထိ လုပ်ပေးခဲ့ရပါတယ်။ ဒီလိုလုပ်ရပေမယ့် လစာမရရှိခဲ့ပါဘူး။ **စာမျက်နှာ ၁၁ သို့ ❖**



ဖေဖော်ဝါရီ ၆ ရက်တွင် နိုင်ငံခြားသား ၆၁ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ လွှဲပြောင်း/လက်ခံဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။



ဖေဖော်ဝါရီ ၁၄ ရက်တွင် တရုတ်နိုင်ငံသား ၂၀၀ အား စိစစ်မှု မှတ်တမ်းဓာတ်ပုံ။



ဖေဖော်ဝါရီ ၁၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသား ၆၉ ဦးအား စိစစ်မှု မှတ်တမ်းဓာတ်ပုံ။



ဖေဖော်ဝါရီ ၁၅ ရက်တွင် နိုင်ငံခြားသား ၄၆၉ ဦးအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။


Mr. Pon Wan Pin


Mrs. Xiao Shuang


Mr. Yu Yong Bing


Mrs. Hou Mei Xin


Mr. Yuan Zong Liang

❖ စာမျက်နှာ ၁၀ မှ

Mrs. Xiao Shuang
(တရုတ်နိုင်ငံသူ)

အွန်လိုင်းကတစ်ဆင့် အလုပ်ခေါ်စာတွေ့လို့ အလုပ်လျှောက်ခဲ့ပါတယ်။ လုပ်ရမယ့် အလုပ်က အလှပြင်ဆိုင်မှာ လုပ်ရမယ်ဆိုပြီး လစာက တစ်လကို ယွမ် ၁၅၀၀၀ ရမယ်လို့ သိရတဲ့အတွက် ကုမ္ပဏီရဲ့ ချိတ်ဆက်မှုနဲ့ ကျွန်မရဲ့ ယောကျ်ားဖြစ်တဲ့ Mr. Xiao Xihe နဲ့အတူ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ တရုတ်နိုင်ငံကနေ လေကြောင်းလိုင်းနဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို လာခဲ့ပါတယ်။ ဗန်ကောက်လေဆိပ်ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး အားဝေက လာကြိုပြီး မဲဆောက်မြို့ကို ကားနဲ့ပို့ပေးခဲ့တယ်။ ဒီလိုပို့ပေးတဲ့အခါမှာ ထိုင်းနိုင်ငံက စစ်ဆေးရေးဂိတ်လေးဂိတ်ကို ဖြတ်သန်းသွားရပေမယ့် စစ်ဆေးမေးမြန်းတာတွေ မရှိခဲ့ပါဘူး။ ကားနဲ့ ခုနစ်နာရီခန့် ကြာစီးပြီး သောင်းရင်းမြစ်ကမ်းကို ရောက်ရှိခဲ့တယ်။ အဲဒီကတစ်ဆင့် သောင်းရင်းမြစ်ကို စက်လှေနဲ့ ဖြတ်ကူးပြီး ကမ်းတစ်ဖက်ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး တစ်ယောက်က ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ် ကို ပို့ပေးခဲ့တယ်။ အဲဒီက အလှပြင်ဆိုင်မှာ ငါးလခန့် အလုပ်လုပ်ခဲ့ပြီး ဘတ်ငွေ ၁၅၀၀၀ ခန့် ရရှိခဲ့ပါတယ်။ ကျွန်မ အလုပ်လုပ်တဲ့ဆိုင်က ကျွန်မယောကျ်ား အလုပ်လုပ်တဲ့ဆိုင်နဲ့ ဘေးချင်းကပ်လျက်ပဲ ဖြစ်ပါတယ်။

Mr. Yu Yong Bing
(တရုတ်နိုင်ငံသား)

အွန်လိုင်းပေါ်ကနေ ခင်မင်ရင်းနှီးတဲ့တရုတ်လူမျိုးအမျိုးသားတစ်ဦးက ယူနန်မှာ အလုပ်လုပ်ရမယ်ဆိုပြီး လာခေါ်ပါတယ်။ သူကပဲ ဗန်ကောက်မှာ အလုပ်ရှိတယ်လို့ ပြောပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှာ ယူနန်ကနေ ဗန်ကောက်ကို ထွက်လာခဲ့ပါတယ်။ ဗန်ကောက်ကို ရောက်ရှိတဲ့အခါ တရုတ်လူမျိုး တစ်ဦးက လာကြိုမယ့် ကားနံပါတ်ကို Viber ကနေတစ်ဆင့် ပို့ပေးခဲ့တယ်။ အဲဒီကားနဲ့ ထွက်ခွာလာပြီး ညနေပိုင်းမှာ မဲဆောက်ကိုရောက်တယ်။ မဲဆောက်ကတစ်ဆင့် ရွှေကုက္ကိုလ်မှာရှိတဲ့ Hing Tu ကုမ္ပဏီမှာ အလုပ်ရတယ်။ အလုပ်က အွန်လိုင်းကတစ်ဆင့် Customer ရှာဖွေတဲ့အလုပ်ကို လုပ်ခဲ့ရတယ်။

Mrs. Hou Mei Xin
(တရုတ်နိုင်ငံသူ)

ရွှေကုက္ကိုလ်မှာ အလုပ်လုပ်ဖို့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့မှာ တရုတ်နိုင်ငံကနေ လေယာဉ်နဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို လာခဲ့ပါတယ်။ ဗန်ကောက်မြို့ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး တစ်ဦးက အသင့်လာကြိုပါတယ်။ ဗန်ကောက်ကနေတစ်ဆင့် တရုတ်လူမျိုး လေးဦးနဲ့အတူ စက်လှေနဲ့ သောင်ရင်းမြစ်ကို ဖြတ်ကျော်ပြီး ရွှေကုက္ကိုလ်ကို ရောက်ခဲ့ပါတယ်။ တရုတ်လူမျိုးပိုင်တဲ့ Heng Chuang ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ခဲ့ပါတယ်။ နေ့တိုင်း ည ၈ နာရီကနေ အချိန်အကန့်အသတ်မရှိ Chatting လုပ်ပြီး Customer တွေ ရှာဖွေပေးရတဲ့အလုပ်ကို လုပ်ပေးရပါတယ်။ အလုပ်ဝင်ချိန်ကတည်းက အခုထိ လစာမရရှိခဲ့ပါဘူး။

Mr. Yuan Zong Liang
(တရုတ်နိုင်ငံသား)

ကွမ်တုံမြို့က သူငယ်ချင်းဖြစ်တဲ့ Xu Feng က ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ တစ်လ ဘတ် ၇၀၀၀ ရမယ်ဆိုပြီး အလုပ်လုပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ သူရဲ့ စီစဉ်ပေးမှုနဲ့ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်နေ့မှာ ကွမ်တုံလေဆိပ်ကနေ ဗန်ကောက်မြို့ကို လေယာဉ်နဲ့ သွားခဲ့ပါတယ်။ အဲဒီနေ့ နေ့လယ်ပိုင်းမှာ ဗန်ကောက်မြို့ကိုရောက်တဲ့အခါမှာ သူစီစဉ်ပေးထားတဲ့ ထိုင်းလူမျိုးတစ်ဦးက ကားနဲ့လာကြိုပါတယ်။ ည ၇ နာရီ ကျော်တဲ့အချိန်မှာ ချောင်းတစ်ခုကို ရောက်ပြီး စက်လှေနဲ့ တစ်ဖက်ကမ်းကို ကူးခဲ့ပါတယ်။ တစ်ဖက်ကမ်းကို ရောက်တဲ့အချိန်မှာ အမျိုးသားတစ်ဦးက လာကြိုပြီး ရွှေကုက္ကိုလ်က ရထိုက်ကုမ္ပဏီကို ရောက်ရှိခဲ့ပါတယ်။ အဲဒီကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် လိမ်လည်ရမယ့် Facebook အကောင့်တွေ ရှာဖွေရတဲ့အလုပ်ကို လုပ်ခဲ့ရပါတယ်။ နေ့တိုင်း ည ၁၀ နာရီကနေ နောက်နေ့ မွန်းလွဲ ၂ နာရီအထိ လုပ်ကိုင်ရပြီး တစ်လ ဘတ်ငွေ ၄၀၀၀ သာ ရရှိခဲ့ပါတယ်။

သတင်းအဖွဲ့



ကျွန်းစုမြို့၌ မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျွန်းစု ဖေဖော်ဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ကျွန်းစုမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအရှေ့၌ ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား မီးဘေးလုံခြုံရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

အလားတူ ကံမော်ကျွန်းရွာနှင့် စခန်းသစ်ကျွန်းရွာတို့မှ မီးသတ်နယ်မြေစခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များကလည်း မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မိုး/ဓလ

ကျွန်းလှမြို့နယ်၌ ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ကျွန်းလှ ဖေဖော်ဝါရီ ၁၅



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု ဘိုကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆောင်ရွက်သော ရေသန့်စက်တပ်ဆင်ခြင်းကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးရဲကိုဝင်းနှင့် တာဝန်ရှိသူများက ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးသည်။

အဆိုပါ ရေသန့်စက် တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၅ သန်းတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကြီးကြပ်ပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရာ ၇၅ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ဟိုပုံးမြို့နယ်၌ စတော်ဘယ်ရီသီးများ ဈေးကောင်းရရှိ

ဟိုပုံး ဖေဖော်ဝါရီ ၁၅



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နှစ်စဉ် စိုက်ပျိုးရောင်းချသည့် စတော်ဘယ်ရီသီးများ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ယခင်နှစ်ကထက် ဈေးကောင်းပိုမိုရရှိကြောင်း သိရသည်။

နှစ်စဉ်စိုက်ပျိုးရောင်းချလျက်ရှိ

စတော်ဘယ်ရီပင်သည် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ စိုက်ပျိုးမှုများပြားသည်။ ဟိုပုံးမြို့နယ်တွင် စတော်ဘယ်ရီသီးကို နှစ်စဉ် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းပိုမိုရရှိသော်လည်း ယခင်နှစ်ကထက် မြေဩဇာနှင့် လုပ်အားခ ကုန်ကျစရိတ်များ ပိုမိုများပြားကြောင်း စတော်ဘယ်ရီစိုက်ပျိုးတောင်သူများထံမှ သိရသည်။ စတော်ဘယ်ရီသီးကို သုံးရက်လျှင်တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် တစ်ပိသာသုံးဆယ်ကျပ်သားဝင်သည့် ရေပုံး ၇၀ ကျော်ခူးဆွတ်ရကြောင်း သိရသည်။

စတော်ဘယ်ရီပင်ကို ဧပြီလတွင် စတင်ပျိုးထောင်ရပြီး စက်တင်ဘာလ၌ စတင်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာ ဒီဇင်ဘာလတွင် စတော်ဘယ်ရီသီးများ စတင်ထွက်ရှိပြီး ဖေဖော်ဝါရီလတွင် စတော်ဘယ်ရီသီးများ လှိုင်လှိုင်ထွက်ရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရာဂီမုန်တိုင်းကြောင့် နုန်းဖုံးသွားသောလယ်မြေများပေါ်၌ ဆောင်းသီးနှံ ပဲယဉ်းနီ အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူများအား ဘဲကုန်းကျေးရွာ စံပြစိုက်ကွင်း၌ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာကိစ္စများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

တောင်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် စက်တင်ဘာလ၌ ကြုံတွေ့ခဲ့ရသော ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှုတွင် သဲနုန်းများ ဖုံးလွှမ်းထိခိုက်ခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိုက်ပျိုးမြေများအားလုံး သီးနှံအစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးကို နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှု၊ မိမိတို့ ဝန်ကြီးဌာန တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း။

လက်တွေ့အသုံးချသုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာပေးစိုက်ခင်းအဖြစ် တောင်သူများနှင့် အနီးစပ်ဆုံးဖြစ်သည့် ဘဲကုန်းကျေးရွာအနီးရှိ ယခုစိုက်ကွင်းတွင် ပဲယဉ်းနီသီးနှံအပါအဝင် သီးနှံ ရှစ်မျိုးကို လက်တွေ့စိုက်ပျိုး ပြသဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများတွင် ပဲယဉ်းနီသည် ဖြစ်ထွန်းမှု အကောင်းဆုံးဖြစ်သော်လည်း ဒေသနှင့် ကိုက်ညီဖြစ်ထွန်းပြီး တောင်သူအကျိုးအမြတ် ပိုမိုရရှိစေမည့် သီးနှံမျိုးကို ကိုယ်တိုင်ရွေးချယ်၍ အောင်မြင်အောင် စိုက်ပျိုးလုပ်ကိုင်သွားကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တောင်သူများသည် စံပြစိုက်ကွင်းအတွင်း ထယ်ရေးမဲ့စနစ်ဖြင့် စိုက်ပျိုးထားသည့် ပန်းနှမ်း၊ ပဲပုပ်၊ ပဲယဉ်းနီ၊ ပဲလွမ်းဖြူ၊ နေကြာ၊ ပဲချဉ်ပေါင်၊ မတ်ပဲနှင့် အစေ့ထုတ်ပြောင်းသီးနှံများ၏ ဖြစ်ထွန်းအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုကြရာ တာဝန်ရှိသူများက သီးနှံတစ်မျိုးချင်းအလိုက် စိုက်ပျိုးမှုနည်းပညာများနှင့် နုန်းဖုံးသွားသော လယ်မြေများပေါ်တွင် ဆောင်းသီးနှံ ပဲယဉ်းနီ ပိုမိုဖြစ်ထွန်းမှုကို ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ်



အတွင်းရှိ လယ်ယာမြေများတွင် ဆောင်းသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှု၊ နွေသီးနှံစိုက်ပျိုးရန် ရေပေးဝေထားရှိမှုနှင့် မြေပြင်ထွန်ယက်နေမှုကို လည်းကောင်း၊ တပ်ကုန်းမြို့နယ်ရှိ ကင်းသာရေထိန်းတမံ ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကင်းသာချောင်းပေါ်တွင် ယာယီချောင်းပိတ် တည်ဆောက်၍ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ဆည်ခရိုင်၌ နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် မိုးကြိုနှမ်း(နွေနှမ်း)သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် အပတ်စဉ်စနေနေ့တိုင်း ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက (၆၃)ကြိမ်မြောက် ကျင်းပရာ ကျောက်ဆည်ခရိုင်၏ နှမ်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေနှင့် မိုးကြိုနှမ်း(နွေနှမ်း) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က အွန်လိုင်းစနစ်ဖြင့် ဆွေးနွေးအမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံရှိ သီးနှံစိုက်ပျိုးနည်းစနစ် အသုံးပြုမှုတွင် ပဲမျိုးစုံ၊ ဆီထွက်စသည်ဖြင့် သီးနှံများအားလုံး၌ ပေါင်ကြီးတင်စနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကာ များစွာအောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း၊ သီးထပ်စိုက်ပျိုးရာတွင် စပါးအပြီး မတ်ပဲ၊ ပဲတီစိမ်း သီးနှံအတွဲများနေရာ၌ အခြားတန်ဖိုးမြင့်မားပြီး အလားအလာကောင်းသော သီးနှံတွဲများ အစားထိုးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တောင်သူများ သီးနှံရိတ်သိမ်းချိန် အလေအလွင့် နည်းပါးစေရေးနှင့် သီးနှံရောင်းချချိန်တွင် စုပေါင်းရောင်းချနိုင်ရေး အထူးအလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ဆွေဦးက ကျောက်ဆည်ခရိုင်၏ နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် မိုးကြိုနှမ်း(နွေနှမ်း) သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်မှုများခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြသည်။

ဆွေးနွေးချက်များ အပေါ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဇုန်တာဝန်ခံများက ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နှမ်းသီးနှံအား ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးနည်းစနစ် အသုံးပြုမှု၊ သွင်းအားစု ထည့်သွင်းခြင်း၊ အထွက်နှုန်းရရှိမှု၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံသုတေသနဌာနစုက ထုတ်ဝေထားသော အထွက်နှုန်းကောင်းပြီး ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည့် နှမ်းသီးနှံမျိုးများနှင့်စပ်လျဉ်း၍ ဖြည့်စွက် ဆွေးနွေးကြသည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေတွင်းမှ စိုက်ပျိုးရေးပညာရှင် ၅၀ နှင့် တောင်သူ ၇၀ တို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ စိုက်ပျိုးရေးပညာရှင် ၂၀၀ နှင့် တောင်သူ ၉၁ ဦးတို့က Zoom point ၁၀၀ မှ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရေတာရှည်မြို့နယ်၌ မျိုးစေ့ချစက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြ

ရေတာရှည် ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ မျိုးစေ့ချစက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက သပြေတန်းကျေးရွာမှ တောင်သူဒေါ်မွှေး၏ လယ်မြေလေးဧက၌ ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်စိန်က မျိုးစေ့ချစက်ကို အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးရာတွင် တမန်းပြင်၌ ရေဝင်ရောက်မှုများပြားပါက စပါးမျိုးစေ့များ ရေပေါ်တွင်ပေါ်၍ အတန်းလိုက်မဖြစ်ခြင်းများ ရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်းကြောင့် တောင်သူများအနေဖြင့် အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု သက်သာခြင်း၊ မျိုးစေ့အကွာအဝေးညီညာခြင်း၊ လုပ်သားကုန်ကျမှုသက်သာခြင်း၊ တန်းခြားအကွာအဝေး ညီညာခြင်းတို့ကြောင့် တောင်သူများ သဘောကျနှစ်သက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ အသိပညာပေးဟောပြော

မရမ်းကုန်း ဖေဖော်ဝါရီ ၁၅

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် အလုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသူ(၁)က ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအကြောင်း ဟောပြောဆွေးနွေးကာ တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဖြေကြားဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MOEAA) မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ



ရန်ကုန် ဖေဖော်ဝါရီ ၁၅

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) တွင် မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အလုပ်သမား ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်းသည် အလုပ်သမား ဝန်ကြီးဌာနနှင့် ပြည်ပနိုင်ငံများ၌ မြန်မာလုပ်သားများ အလုပ်အကိုင်ရရှိရေး၊ ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများအကြား ဆက်စပ်ဆောင်ရွက်ပေးနေရသော အသင်းဖြစ်သောကြောင့် ဝန်ကြီးဌာနအတွက် အရေးကြီးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့် လုပ်ငန်းစဉ်စနစ်များကို လေ့လာပြီး အားသာချက်၊ အားနည်းချက်များ ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဖွဲ့ဝင်ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် စိတ်ရှည်သည်းခံ ထိန်းညှိဆောင်ရွက်ရန်လိုကြောင်း၊ မိမိနိုင်ငံ၊ မိမိအဖွဲ့အစည်း၊ မိမိလုပ်သားများ ဂုဏ်သိက္ခာရှိစွာဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များတွင် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)ရှိ အဲကွန်းပြုပြင်ထိန်းသိမ်းရေး ခန်းမ၊ လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းခန်းမ၊ မော်တော်ယာဉ်ပြုပြင်ရေး သင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထန်းတပင် မြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံ(ထန်းတပင်) ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် အလုပ်သမားဆေးရုံကြီးတစ်ခု ဖြစ်စေရေး၊ အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အလုပ်သမားဆေးရုံကြီးရှိ အတွင်းလူနာကုသပေးသည့်ကုသဆောင်၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် အောက်ဆီဂျင်စက်ရုံဝင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသည့် အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လှိုင်သာယာစက်မှုဇုန်ရှိ Myanmar I-Tex Garment အထည်ချုပ်စက်ရုံရှိ WCC အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များကို တွေ့ဆုံပြီး စက်ရုံ တာဝန်ရှိသူများအား အလုပ်သမားများ အချိန်ပို ခိုင်းစေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေ ပါခံစားခွင့်များ၊ လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(EC)ဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားပြတိုက် (ရန်ကုန်) ၌ “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ်လှုပ်ရှားမှုအစီအစဉ် ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်၍ ပြည်သူလူထုအား ပညာပေးလှုပ်ရှားမှုအဖြစ် ဖေဖော်ဝါရီ ၇ ရက်မှစ၍ မတ် ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိရာ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်သူလူထုအား ပညာပေးလှုပ်ရှားမှုအစီအစဉ်သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တက်ရောက်အားပေးသည်။

အမျိုးသားပြတိုက် (ရန်ကုန်) ၌ “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်အဖြစ် ဒုတိယထပ် Lobby တွင် ရှားပါးမြန်မာ့သနပ်ခါး ကျောက်ပျဉ်နှင့်မှန်တင်ခုံများ၊ Holographic Fan များ၊ ၆၂ လက်မ TV ဖြင့် အမျိုးသားပြတိုက် (ရန်ကုန်) ၏နေ့စဉ် သနပ်ခါးလှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုမှတ်တမ်းများ၊ သနပ်ခါးသီချင်းများကို ပြသလျက်ရှိရာ မေရီချက်(ပ်)မင်း ဆွဲ့အနားမကြားကျောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက်လေ့လာရာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝင်းနှင့် တာဝန်ရှိသူများက မြန်မာ့သနပ်ခါး၏ အသုံးဝင်ပုံ၊ မြန်မာတို့၏ နေ့စဉ်ဘဝအတွက် အရေးပါပုံနှင့် မြန်မာ့သနပ်ခါး၏ ထူးခြားမှုအကြောင်းများကို ပညာပေးဟောပြောပြီး လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများက ကိုယ်တိုင်သနပ်ခါးသွေး၍ အချင်းချင်း ပျော်ရွှင်စွာ လိမ်းခြယ်ကြသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ မြတ်စွာဘုရားရှင်အား နံ့သာမီးဖြင့် ပူဇော်ကြသည့် ဓလေ့ထုံးတမ်းအစဉ်အလာကို အစွဲပြု၍ ၂၀၂၁ ခုနှစ်တွင် တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ သနပ်ခါးသည် မြန်မာ့ဩဇဉ်မဲ့ ယဉ်ကျေးမှု စာရင်းဝင်တစ်ခုဖြစ်ပြီး မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုတွင် အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရှိရန် လိုအပ်လျက်ရှိသဖြင့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များတွင် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လျက်ရှိရာ သနပ်ခါးဆိုင်ရာ အထောက်အထားများကို ပြည်သူများက ပါဝင်ပြီး Practice of Thanakha Culture in Myanmar အချက်အလက်များ ဖြည့်သွင်းနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ပြတိုက်များတွင် ထားရှိသည့် QR Code ကို Scan ဖတ်၍လည်းကောင်း၊ Online စာမျက်နှာ (https://docs.google. com/forms/d/e/1FAIpQLSe WCYIUWDb2Om36LyK9e_ mgyaA6VXz8xioVZKn FNUNv6jWSog/viewform) မှ Google Form တွင် သနပ်ခါးဆိုင်ရာ အချက်အလက်များ ဖြည့်သွင်း၍ လည်းကောင်း ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့၌ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ပေးအပ်ချီးမြှင့်

တပ်ကုန်း ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ တက်ရောက်နေ သည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်း၌ ပညာသင်စရိတ် ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ပညာရေးဌေပဒေသာပင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတက်ရောက်သင်ကြားသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ဆေး၊ ဆေးဘက်ဆိုင်ရာ၊ သွားဘက်ဆိုင်ရာ၊ နည်းပညာ၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေး တက္ကသိုလ်တက်ရောက်သည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃ ဦးအတွက် ငွေကျပ် ၇၈ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ပေါင်းစပ်ဆောင်ရွက်

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အနောက်ရထာရပ်ကွက် ကွင်းအမှတ် ၁၄၁၆ နှင့် ၁၄၁၇ ကွင်းတို့တွင် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီဌာနမှ မြေအောက်ရေစက်ရေတွင်းများတွင် ဆိုလာဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး လျာထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာကွင်းအမှတ် ၁၄၁၁ ၌ ရေကြီးနစ်မြုပ် လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေသည့် ဆောင်းဆီထွက်သီးနှံ ရေဆင်းစပ်မျိုး(၁) နေကြာသီးနှံစိုက်ခင်းသို့ ရောက်ရှိကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေကြီးနစ်မြုပ်ခဲ့သည့် မြေအောက်ရေတွင်းများ ပြန်လည်အသုံးပြုနိုင်ရေးကို စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေကြာစိုက်ခင်များတွင် ဝတ်မှုန်ကူးနိုင်ရန်အတွက် ပျားမွေးမြူရေးပုံးများ ချထားပေးရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ ရေကြီးနစ်မြုပ် လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေသည့် ဆောင်းဆီထွက်သီးနှံ ရေဆင်းစပ်မျိုး(၁) နေကြာသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာရှိဦးမောင်ဝင်း၏ ရွှေစွန်မင်း ပဲခွဲစက်နှင့် ဆီစက်သို့ရောက်ရှိပြီး ပဲခွဲစက်နှင့် ဆီစက် လုပ်ငန်းလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ ဒေသတွင်း ဆီဖူလုံရေးအတွက် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သာယာဝတီမြို့၌ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်



သာယာဝတီ ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် အင်းရွာတောင်သူလယ်သမားသင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၅)အား တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ပြောကြား

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ပေါပေါများများထွက်ရှိမှု ဒေသတွင်း စားရေရိက္ခာဖူလုံပို့လျှံပြီး ကုန်ဈေးနှုန်း ကြီးမြင့်မှုအပေါ် အထိုက်အလျောက် ထိန်းချုပ်နိုင်မည်ဖြစ်ကာ ပြည်ပပို့ကုန်လည်း တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ဒေသခံတောင်သူများအတွက် အမှန်တကယ်လက်တွေ့ကျပြီး အကျိုးကျေးဇူးကြီးမားသည့် သင်တန်းဖြစ်၍ ကြိုးစားလေ့လာ သင်ယူကြသွားကြရမည်ဖြစ်ပြီး ရရှိလာသည့် စိုက်ပျိုးရေး/မွေးမြူရေးဆိုင်ရာ နည်းပညာနှင့် ဗဟုသုတများကို မိမိတို့ရပ်ရွာရှိ တောင်သူများအား ပြန်လည်ဖြန့်ဝေပေးရန်နှင့် သင်ကြားသည့် နည်းပြများကလည်း တောင်သူများနားလည် သဘောပေါက်စေနိုင်သည့် သင်ကြားမှုပုံစံများဖြင့် အထူးအလေးထား သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ တောင်သူလယ်သမား သင်တန်းသား ၅၀ တို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး သင်တန်းတွင် သင်ကြားပြသသွားမည့် စိုက်ပျိုးရေးဆိုင်ရာ သင်ထောက်ကူ ပစ္စည်းများကို ကြည့်ရှုသည်။

အဆိုပါ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အမှတ်စဉ်(၃/၂၀၂၅) တွင် စပါးနှင့် အစေ့ထုတ်ပြောင်း ပန်းတိုင် အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ပန်းတိုင် အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး၊ ဆီထွက်သီးနှံ ပန်းတိုင် အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး၊ မျိုးစေ့ရွေးချယ် သိုလှောင် ထိန်းသိမ်းခြင်း နည်းပညာ၊ သီးနှံကာကွယ်ရေးနှင့် ပိုးမွှားနှိမ်နင်းခြင်းနည်းပညာ၊ မွေးမြူရေး ဘာသာရပ်၊ မြေအသုံးချမှု၊ စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာများ၏ သိမှတ်ဖွယ်ရာများ၊ မြေပြင်ကွင်းဆင်း လေ့လာခြင်းများကို စနစ်တကျ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

တပ်ကုန်း ဖေဖော်ဝါရီ ၁၅

ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကြီးမှူး၍ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖွံ့ဖြိုးစေရန်အတွက် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ ကျင်းပသည်။

ဦးစွာ ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရသုံးအုပ်စုအကြောင်း၊ သားဆက်ခြားကာကွယ်ခြင်းအကြောင်း၊ ခြောက်လပြည့်ကလေးများ ဖြည့်စွက်စာ စတင်မိတ်ဆက်ချိန်တွင်(၀၊ စိမ်း၊ နီ) အာဟာရပြည့်စုံစွာ ချက်ပြုတ်ကျွေးမွေးခြင်းအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး ကျန်းမာရေးမှူးက ဓာတ်ဆားရည်ဖျော်နည်း၊ ကလေးအန်းထုပ်နည်းများကို လက်တွေ့သရုပ်ပြခဲ့သည်။ ထို့နောက် ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကိုယ်ဝန်ဆောင် ခုနစ်ဦးအား အနှီး၊ ကာဘော်လစ်ဆပ်ပြာနှင့် ကြက်ဥ၊ နို့တိုက်မိခင် ၁၀ ဦးအား ဦးထုပ်၊ လက်အိတ်၊ ခြေအိတ်နှင့် ကာဘော်လစ်ဆပ်ပြာတို့ကိုပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေးအဖွဲ့က ခေါက်ဆွဲထုပ်၊ ကြက်ဥ၊ ငါးသေတ္တာဘူး၊ အင်္ကျီ၊ ဆားထုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



မုံရွာမြို့၌ မီးငြိမ်းသတ်နည်းများ သရုပ်ပြသခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်

မုံရွာ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးနှင့် ပြည်သူများ မီးဘေးအသိ မီးဘေးသတိရှိစေရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်နည်းများ သရုပ်ပြသခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ယမန်နေ့နံနက် ၁၀ နာရီက မုံရွာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ်အော်တိုအိတ်ချိန်းရုံး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများကို သရုပ်ပြသ ဆောင်ရွက်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။



ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို အကြံပြုပြောကြားသည်။

မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များရှိ စာသင်ကျောင်းများ၊ ဈေးများ၊ ရုံးများ၊ လူနေအိမ်များတွင်လည်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာရှိ ရွာသစ်လယ်ယာနှင့်အထွေထွေသမဝါယမအသင်း အသင်းအမှုဆောင်များနှင့် တွေ့ဆုံ၍ နွေစပါးစိုက်ပျိုးရန် လျာထားဧကများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရေရရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



အထူးသံတွေ မြန်းကြလေသည် ဒါးဗို့စ်ဆီ

www.gnlm.com.mm 10 FEBRUARY 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

Envoys go to Davos

By Kyaw Myint Tun (Paris)

IT'S been a while!

Bonne Année et Bonne Santé!

Let's have another round of calling out these self-absorbed people (SAP) from the ivory towers in Geneva and New York the way they deserve it.

Successive "Envoys" have made the pilgrimage to Davos! The last one did it. This current has done it too! While they are at it, they might want to sip a cup of coffee (maybe fine French wine in their case!!!) with their other predecessor, who is a national. All three were appointed not based on merits because their master in New York makes appointments based on DEI. So what do the Myanmar people get? One disaster after another. Two predecessors ago was a lightweight, who had no clue! The recent past one was a "has been and washed up" who was not on anyone's list, but used the role as the Envoy to travel to Davos. Then the current made it to Davos last month, supposedly to meet with some Asian/ASEAN leaders. Seriously? These Asian leaders are in the region. A trip to ten ASEAN capitals would be equivalent to one round trip (business class of course!!!) to Davos. But no, it had to be Davos! There they could also promote their services to other potential employers. They don't go to Davos with the singular objective of making the lives of Myanmar people better. The global elite that roam Davis one week a year are as far away from the affairs of Myanmar as possible. Let's be real!

No wonder conflicts don't get solved. People should note the comment by their biggest Uncle this week when the comment was made that the place has tremendous potential but they don't solve a thing. So true! What conflict have they solved in the last 20 years? In recent memory?

Democratic Republic of Congo is in flames! Goma has fallen. Goma, where they have the largest mission! These ever-self-righteous people from Geneva and New York have been at DRC since the mid-90s! DRC has been on the tip of their tongue! Look what has happened to DRC under their watch.

Then there's Sudan. They have been in the country for decades. Under their watch, a civil war has erupted. More than 11 million people are internally displaced and more than three million, mostly women and children have fled the country. What have they done for Sudan?

Then there is "the Court", which has been sanctioned by their biggest Uncle. If it were, Myanmar or Burkina Faso or other small developing country, they would throw every kitchen sink in their arsenal to bring the country to its knees. But when it comes to their biggest.

Uncle, they can't and don't do a thing. The court has not been able to carry out one particular warrant in Sudan that was issued long ago. Aren't they so successful? Oh, how about that transparent "internal" sexual harassment investigation?

A Western journalist who is based in that ivory tower in New York reported how all's quiet with these self-absorbing officials in the ivory tower in New York, in light of one order after another coming from their biggest Uncle. No one even dares to make any comment. These SAPs never stay quiet. But when faced with the very strong Uncle, they tuck their tail in! OMG!

For Myanmar, don't let these people come in and preach. Solve the internal problems with domestic means. These SAPs don't solve anything. Their biggest Uncle has said so! There is logic to not solving conflicts and instead prolonging them.

Their consultancy goes on and on! Myanmar beware. When things get better in the country, they will push for some "Blue Ribbon" Commission, "Truth and Reconciliation" Commission, etc. They will come in preaching DEI (Diverse, Equity, and Inclusion) programmes must be given the priority. They are good at these things. All that is for their own interest, not for the citizens of Myanmar.

Let's shout out to one high and mighty SAP who showed up in Karen camps in military fatigue. Let's wear a military fatigue to look tough! Since it's been a while, he might show up again to keep his consultancy afloat. He makes living of two countries: Myanmar and a neighbouring one. The biggest Uncle is ending all these free handouts to all those so-called "consultancies". Bonne chance!

(The opinions and views expressed in this article are solely those of the author).



The United Nations building in New York City. PHOTO : WIKIMEDIA COMMONS

မဆုံဖြစ်ကြတာကြာပြီနော်။

ပျော်ရွှင်ဖွယ်နှစ်သစ်ပါ။ ကျန်းမာပါရဲ့နော်။

ဂျီနီဗာနဲ့ နယူးယောက်မှာရှိတဲ့ အထက်တန်းလွှာ ဆင်စွယ်နန်းတော်တွေဆီက ကိုယ်ကျိုးရှာရေပေါ်ဆီ အတ္တဘောကြီးများ နာယူမှတ်သားကြစေဖို့ အလို့ငှာ တစ်ချီတစ်မောင်း ပြစ်တင်ရှုတ်ချဆုံးမပေးချိန် ရောက်ခဲ့ပြန်ပါပြီ။

အစဉ်အဆက်သော အထူးသံတမန်တို့ ဘုရားလည်းဖူး လိပ်ဥလည်းတူးဖို့ ဒါးဗို့စ်ကို ကြွမြန်းသွားကြသပေါ့။ နောက်ဆုံးတစ်ယောက်လည်း ထိုနည်းတူစွာပါပဲ။ သူလည်း အရင်ခြေရာကို လိုက်သွားတာပါပဲ။ အဲဒီမှာ သူတို့တစ်တွေဆုံကြတဲ့အခါ ဒေသခံနိုင်ငံသား သူတို့ထက်အရင် အရိုက်အရာခံခဲ့သူနဲ့အတူ ကော်ဖီလေးတစ်ငုံတစ်စုပ် (အိတ်ထဲပါလာတဲ့ ပြင်သစ်ဝိုင်ကောင်းကောင်းလေးလည်း ဖြစ်ချင်ဖြစ်မပေါ့) သောက်ကောင်းသောက်ကြမယ်။ အထူးသံတမန်အရိုက်အရာကို ဆက်ခံခဲ့ကြတဲ့ သူတို့သုံးယောက်စလုံးဟာ အရည်အချင်းကို အခြေခံပြီး ခန့်အပ်ခံခဲ့ကြရတာမဟုတ်ဘဲ နယူးယောက်မှာရှိတဲ့ သူတို့အထက် ဆရာကြီးတွေက DEI အစီအစဉ်အရ ခန့်အပ်ခဲ့ကြရတာ ဖြစ်ပါတယ်။

ဒီတော့ မြန်မာပြည်သူတွေ ဘာရခဲ့သလဲဆိုရင် ကပ်တွေတစ်ခုပြီးတစ်ခုဆိုက်ရတာပါ။ အရင်အထူးသံတမန်နှစ်ယောက်က အရည်အချင်းမှာ အပေါ့စား ခပ်ချာချာ။ နောက်ဆုံးတစ်ယောက်ကလည်း **"ခေတ်ဆွေး"**၊ **"သုံးစားမရ"**၊ ဘယ်သူ့စာရင်းမှာမှ မပေါက်သူ။ ဒါပေမဲ့လည်း အထူးသံတမန်ဆိုတဲ့ ဂုဏ်ပုဒ်လေးကိုငဲ့ပြီး ဒါးဗို့စ်ကိုတော့ ကြွခဲ့သေးတာပေါ့။ ပြီးတော့ လက်ရှိအထူးသံတမန်က ပြီးခဲ့တဲ့လထဲမှာ အာရှနဲ့ အာဆီယံက ခေါင်းဆောင်တချို့နဲ့တွေ့ဆုံဖို့ဆိုပြီး ဒါးဗို့စ်ကို သွားခဲ့ပါတယ်။ ဒါကြီးက လိုအပ်လို့လား။ အဲဒီအာရှနိုင်ငံတွေက ခေါင်းဆောင်တွေဆိုတာ ဒေသမှာပဲရှိနေတာပါ။ အာဆီယံ ၁၀ နိုင်ငံရဲ့ မြို့တော်တွေကိုသွားတဲ့ ခရီးစဉ်တစ်ခုလုံးစရိတ်ဟာ ဒါးဗို့စ်ကို လေယာဉ်အထူးတန်းစီးပြီး အသွားအပြန်စရိတ်နဲ့ အတူတူပါပဲ။ ဒါပေမဲ့ ဟင့်အင်း၊ ဒါးဗို့စ်ကိုပဲသွားမှာပါတဲ့။ ဘာကြောင့်လဲဆိုရင် အဆက်အသွယ်လုပ်ခွင့်ရမယ့် ခရီး၊ အနာဂတ် သူ့အလုပ်ရှင်ဖြစ်လာဖွယ်ရှိသူတွေသိအောင် သူ့ရဲ့ စွမ်းဆောင်မှုတွေကို ကြော်ငြာရမယ့် ခရီးဖြစ်လို့ပါ။

မြန်မာပြည်သူတွေရဲ့ ဘဝတွေကို ပိုကောင်းအောင်လုပ်ဖို့ဆိုတဲ့ တစ်ခုတည်းသောရည်ရွယ်ချက်နဲ့ ဒါးဗို့စ်ကို သွားတာတော့မဟုတ်ဘူး။ တစ်နှစ်လျှင် တစ်ပတ်ကြာ ဒါးဗို့စ်ကို သဝေထိုးတဲ့ပွဲမှာ ကမ္ဘာ့အထက်တန်းလွှာတွေ မြန်မာ့အရေးနဲ့ ဝေးနိုင်သမျှ ဝေးကွာနေကြတာပါပဲ။ မြန်မာပြည်သူတွေ ကောင်းကျိုးချမ်းသာရရေးဟာ သူတို့ရဲ့ ဦးစားပေးအလုပ်မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား။ ပြဿနာတွေကို မဖြေရှင်းနိုင်ဘူးဆိုတာ အံ့သြစရာမရှိပါဘူး။ ဒီတစ်ပတ်မှာ သူတို့ရဲ့ အင်အားအကြီးဆုံး အန်ကယ်ကြီးပြောတာကို လူတွေက အာရုံစိုက်သင့်ပါတယ်။ **"ထိုနေရာ၊ ထိုဒေသဟာ ဖွံ့ဖြိုးတိုးတက်မယ့် အလားအလာ ကြီးကြီးမားမားရှိပေမယ့်လည်း သူတို့ဟာ ဘယ်အရာကိုမျှ မဖြေရှင်းနိုင်ခဲ့ကြဘူး"**တဲ့။ အမှန်ပါပဲ။ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ ဘယ်ပဋိပက္ခများ ပြေလည်သွားခဲ့လို့လဲ။

မကြာသေးခင်ကရော။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်စီ) လောင်မီးကျနေတယ်။ ဂိုမာကျသွားပြီ။ သူတို့ရဲ့ အကြီးဆုံး မစ်ရှင်ရှိတဲ့နေရာက ဂိုမာပါ။ အမြဲကိုယ့်ကိုယ်ကိုယ် အမွှမ်းတင်နေကြတဲ့ ဂျီနီဗာ/နယူးယောက်ကလူတွေ ဒီအာရ်စီမှာ ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်းကတည်းက ရှိနေခဲ့ကြတာ။ ဒီအာရ်စီဆိုတာ အမြဲတမ်း သူတို့လျှာဖျားမချ ပြောနေကြတဲ့ အကြောင်းအရာ။ အခု သူတို့ကြည့်ရှုစောင့်မထားတဲ့ ဒီအာရ်စီဘယ်လိုဖြစ်နေလဲ ကြည့်လိုက်ပါဦး။ ပြီးတော့ ဆူဒန်လည်းရှိသေးတယ်။ ဆယ်စုနှစ်ပေါင်းများစွာ အဲဒီမှာ သူတို့ရှိနေခဲ့ကြတာ။ သူတို့မျက်မှောက်မှာတင် ပြည်တွင်းစစ်ဖြစ်လာတယ်။ လူပေါင်း ၁၁ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်။ လူပေါင်းသုံးသန်းကျော် (အများအားဖြင့် အမျိုးသမီးနဲ့ ကလေးတွေ) နိုင်ငံက ထွက်ပြေးခဲ့ကြရတယ်။ဆူဒန်အတွက်ဘာများသူတို့လုပ်ပေးနိုင်ခဲ့လို့လဲ။

ဆက်ပါဦးမယ်။

"တရားရုံး" ဆိုတာလည်းရှိသေးတယ်။ သူတို့ရဲ့ အကြီးဆုံးအန်ကယ်ကြီးက **"တရားရုံး"**ကို အရေးယူ ဒဏ်ခတ်ထားတယ်။ တကယ်လို့ မြန်မာနိုင်ငံ၊ ဒါမှမဟုတ် ဘာကီနာဖာဆို၊ ဒါမှမဟုတ် အခြားနိုင်ငံငယ်လေးတွေဆိုရင် ရတတ်သမျှ အရာအားလုံး ဘာမှမကျန်အောင်ကို အသုံးချပြီး ပြန်နှိပ်ကွပ်မှာ။ ဒါပေမဲ့ အကြီးဆုံးအန်ကယ်ကြီး ဖြစ်နေတော့ သူတို့ဘာမှပြန်မလုပ်ဝံ့ဘူး။ ဆူဒန်မှာထုတ်ထားတဲ့ ဖမ်းဝရမ်းကလည်းကြာပြီ။ အခုအထိ မဖမ်းနိုင်သေးဘူး။ **"အောင်မြင်"**လိုက်တာနော်။ ပြီးတော့ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနဲ့ပတ်သက်လို့ပွင့်လင်းမြင်သာပါတယ်ဆိုတဲ့ **"ဌာနတွင်း"** စုံစမ်းစစ်ဆေးရေးကိစ္စကရော။

ဘာသံမှ ထပ်မကြားရပါလား။

မကြာသေးမီကတော့ နယူးယောက် ဆင်စွယ်နန်းတော်မှာအခြေစိုက်တဲ့ သတင်းထောက်တစ်ယောက်က အကြောင်းစုံဖွင့်ချလိုက်တယ်။ အမြဲတမ်းပါးစပ်မစ့၊ အာပေါင်အာရင်းသန်သန် ပြောနေကြတဲ့ ကိုယ်ကျိုးရှာရေပေါ်ဆီ အတ္တဘောကိုယ်တော်တွေအားလုံး အခုသူတို့ရဲ့ အင်အားအကြီးဆုံး အန်ကယ်ကြီးတစ်ခုပြီးတစ်ခု ထုတ်လိုက်တဲ့ အမိန့်တွေကြောင့် ရေငုံနှုတ်ဆိတ် ပါးစပ်ပိတ်နေကြတယ်တဲ့။ ဘယ်သူမှ ဘာမှအတွန့်မတက်ရဲကြဘူး။ ဒီကိုယ်ကျိုးရှာအတ္တဘောတွေဆိုတာ အရင်က အမြဲတမ်းအသံတွေထွက်နေတတ်တာ။ ဒါပေမဲ့ ဒီလိုအင်အားကြီးတဲ့ အန်ကယ်ကြီးနဲ့ကျတော့ သူတို့အမြီးတွေကုပ်သွားလိုက်တာ အံ့သြစရာကြီးပါလားဗျို့။

မြန်မာနိုင်ငံအတွက်တော့ ဒီလူတွေဝင်လာပြီး ဆရာလုပ်တာကို ခွင့်မပြုပါနဲ့။ ပြည်တွင်းရေးကို ပြည်တွင်းမှာပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းပါ။ ဒီကိုယ်ကျိုးရှာအတ္တဘောတွေက ဘာကိုမှ ဖြေရှင်းပေးနိုင်မှာမဟုတ်ဘူး။ အကြီးဆုံးအန်ကယ်ကြီးကိုယ်တိုင်က အဲဒီလို ပြောထားတာပါ။

ပဋိပက္ခကို ကြာအောင်ဆွဲဆန့်ထားနိုင်မှ သူတို့ရဲ့ အကြံပေးလုပ်ငန်းက ဆက်ပြီးအတောမသတ်လည်ပတ်နိုင်မှာကိုး။ မြန်မာနိုင်ငံသားတွေ သတိထားကြပါ။ ပြည်တွင်းမှာ အခြေအနေတွေ ကောင်းလာရင် အပြာရောင်ဖဲကြိုးကော်မရှင်တို့၊ **"အမှန်တရားနဲ့ ပြန်လည်သင့်မြတ်ရေး"** ကော်မရှင်တို့ဆိုတာတွေဖွဲ့ပြီး သူတို့တွန်းအားပေးကြပါဦးမယ်။ DEI (မတူကွဲပြားမှု၊ တန်းတူညီမျှမှုနဲ့ အားလုံးပါဝင်မှု) အစီအစဉ်တွေကို ဦးစားပေးရမယ်လို့ ပြန်ပြီးဟောပြောကြလိမ့်ဦးမယ်။ သူတို့က အဲဒီကိစ္စတွေမှာ အရမ်းတော်ကြတာ။ အဲဒါတွေ အားလုံးဟာ သူတို့အကျိုးစီးပွားအတွက်ပဲ။ မြန်မာနိုင်ငံသားတွေအတွက်မဟုတ်ဘူး။

ပြောချင်ပါသေးတယ်။

စစ်ဝတ်စုံဝတ်ပြီး နယ်စပ်ဒုက္ခသည်စခန်းတွေမှာပေါ်လာတဲ့ နာမည်ကြီးကိုယ်ကျိုးရှာ အတ္တဘောကြီးတစ်ဦးကို တစ်ချက်ကြည့်လိုက်ပါဦးစို့။ ခုံညားတဲ့ မာမာထန်ထန် ပုံဖမ်းချင်နေတာလားမသိ။ စစ်ဝတ်စုံကြီးနဲ့ပါ။ မမြင်တာကြာပြီဆိုတော့ သူ့အတိုင်ပင်ခံလုပ်ငန်း ဆက်လက်ရှင်သန်နိုင်ဖို့ ကိုယ်ထင်ပြလောက်တယ်။ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုမှာနေပြီး ဝင်ငွေရှာ ဘော်ချက်နေတာပါ။ အခုတော့ သူတို့ရဲ့အကြီးဆုံးအန်ကယ်ကြီးက အတုအယောင် **"အတိုင်ပင်ခံ"** ဆိုသူတွေအတွက် ထောက်ပံ့ငွေတွေ အားလုံးရပ်တန့်ခိုင်းလိုက်ပါပြီ။ ခက်ကုန်ကြပြီပေါ့။

ကံကောင်းကြပါစေဗျာ...။

မှတ်ချက်။ (၁) DEI ဆိုသည်မှာ Diversity – လူမျိုးစုံပါဝင်ရေး၊ Equity – တန်းတူညီမျှရေး၊ Inclusion– အားလုံးပါဝင်ရေးဟူ၍ဖြစ်ပါသည်။

(၂) Blue Ribbon Commission – သီးခြားပြဿနာတစ်ခုအား စုံစမ်းစစ်ဆေးရန်၊ လေ့လာရန် သို့မဟုတ် ခွဲခြမ်းစိတ်ဖြာရန်အတွက် ခန့်အပ်ထားသော လေးစားခံရပြီး အသိပညာမြင့်မားသောပုဂ္ဂိုလ်များအဖွဲ့။ (စာတည်းအဖွဲ့)

(၁၀-၂-၂၀၂၅ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ကျော်မြင့်ထွန်း (ပါရီ) ၏ Envoys go to Davos ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်)

"မြန်မာပြည်သူတွေရဲ့ ဘဝတွေကို ပိုကောင်းအောင်လုပ်ဖို့ဆိုတဲ့ တစ်ခုတည်းသောရည်ရွယ်ချက်နဲ့ ဒါးဗို့စ်ကို သွားတာတော့မဟုတ်ဘူး။ တစ်နှစ်လျှင် တစ်ပတ်ကြာ ဒါးဗို့စ်ကို သဝေထိုးတဲ့ပွဲမှာ ကမ္ဘာ့အထက်တန်းလွှာတွေ မြန်မာ့အရေးနဲ့ ဝေးနိုင်သမျှ ဝေးကွာနေကြတာပါပဲ။ မြန်မာပြည်သူတွေ ကောင်းကျိုးချမ်းသာရရေးဟာ သူတို့ရဲ့ ဦးစားပေးအလုပ်မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား။ ပြဿနာတွေကို မဖြေရှင်းနိုင်ဘူးဆိုတာ အံ့သြစရာမရှိပါဘူး။ ဒီတစ်ပတ်မှာ သူတို့ရဲ့ အင်အားအကြီးဆုံး အန်ကယ်ကြီးပြောတာကို လူတွေက အာရုံစိုက်သင့်ပါတယ်။ "ထိုနေရာ၊ ထိုဒေသဟာ ဖွံ့ဖြိုးတိုးတက်မယ့် အလားအလာကြီးကြီးမားမားရှိပေမယ့်လည်း သူတို့ဟာ ဘယ်အရာကိုမျှမဖြေရှင်းနိုင်ခဲ့ကြဘူး"တဲ့။ အမှန်ပါပဲ။ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ ဘယ်ပဋိပက္ခများ ပြေလည်သွားခဲ့လို့လဲ"

MSME ပြပွဲတွေကနေ အခွင့်အလမ်းတွေအများကြီးပေးပြီး ကြိုးစားချင်စိတ်ရှိအောင်ပြုလုပ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်

ဒေါ်သီရိရတနာလှိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပုသ်တသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြပြီး ဆုရရှိသူများ၏ ရင်တွင်းဝိတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်–



ဒေါ်သီရိရတနာလှိုင်



ဦးထွန်းထွန်း



ဒေါ်မာလာချို



ဒေါ်မအေး



ဦးရဲလင်းအောင်



ဦးဇော်မင်းဦး



ဦးစန်းဌေး

ဒေါ်သီရိရတနာလှိုင်
ရိုးရာမောင်မြန်မာ့ချည်ထည်လုပ်ငန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)အကောင်းဆုံးဆုရ ပဲခူးတိုင်းဒေသကြီးပြခန်း

အခုကျင်းပတဲ့ MSME ပြပွဲပြိုင်ပွဲမှာ ပထမဆုံးလာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ထုတ်ကုန် အကောင်းဆုံးဆုကိုလည်း ရရှိခဲ့ပါတယ်။ လာပြခွင့်ရလို့ ညီမတို့အတွက် အကျိုးကျေးဇူး အများကြီးရပါတယ်။ ညီမတို့က ရက်ကန်းအထည်ဆိုတော့ ဒီဇိုင်းရေးဆွဲခွင့်တွေလည်းရရှိခဲ့တယ်။ ပြပွဲကနေ ချိတ်ဆက်မှုနဲ့ အကယ်ဒမီပေးပွဲမှာ ဝတ်ဖို့ ဝတ်စုံတွေလည်း ဒီဇိုင်းရေးဆွဲခွင့်ရခဲ့ပါတယ်။ ဒီပြပွဲကိုလာတဲ့ ဝယ်ယူအားပေးသူတွေနဲ့လည်း အချိတ်အဆက်ရရှိပါတယ်။ ဒါ့ပြင် ပြည်တွင်း၊ ပြည်ပ ချိတ်ဆက်မှုတွေလည်း အများကြီးရရှိပါတယ်။ အခုဆိုရင် အများကြီးပံ့ပိုးပေးထားတဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နိုင်ငံတကာစျေးကွက်ကို ထိုးဖောက်နိုင်မယ့် လမ်းကြောင်းတွေကအစ အများကြီးရရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်း ထုတ်ကုန်တွေကို ပြည်ပတင်ပို့နိုင်တဲ့ အဆင့်အထိ ဆောင်ရွက်နိုင်မယ့် လမ်းစရရှိခဲ့ပါတယ်။ အခုထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးပိုင်းကို ထပ်မံမြှင့်တင်လိုက်ရင် ပြည်ပကို တင်ပို့နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အရင်တုန်းက ရွှေတောင်ပုဆိုး တစ်ခုတည်းကိုသာ ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် ထုတ်လုပ်မှုပိုင်းကို အဆင့်မြှင့်ပြီးလုပ်ဆောင်နေပါတယ်။ အခုလို နိုင်ငံတော်အဆင့် MSME ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးမှုနဲ့ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဆုကိုပါရခဲ့လို့ ပဲခူးတိုင်းဒေသကြီးအစိုးရကို ကျေးဇူးတင်ပါတယ်။

MSME ပြပွဲတွေကနေ အခွင့်အလမ်းတွေ အများကြီးပေးပြီး ကြိုးစားချင်စိတ်ရှိအောင် ပြုလုပ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကိုယ့်လုပ်ငန်းက အသေးစား လုပ်ငန်းဖြစ်တဲ့အတွက် စျေးကွက်ထိုးဖောက်ဖို့ မလွယ်ဘူး။ အခုလို နိုင်ငံတော်အဆင့် ကျင်းပပေးတော့ အခွင့်အလမ်းရမယ့် အချိတ်အဆက်တွေလည်း အများကြီးရပါတယ်။ ကိုယ်ပိုင် ရက်ကန်းလုပ်ငန်းကို ချပြခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူရပါတယ်။

ဦးထွန်းထွန်း
ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) ပထမဆုရ ငွေထည်၊ ကြေးထည်လုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးပြခန်း

ငွေထည်ကြေးထည် လုပ်ငန်းကို ရှစ်တန်းကျောင်းသားဘဝကတည်းက တစ်နိုင်တစ်ပိုင် စပြီးထူထောင်ခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲတော့ မပြိုင်ဖူးပါဘူး။ ပြပွဲတွေတော့ ပြည်တွင်း၊ ပြည်ပ ဝင်ရောက် ပြသဖူးပါတယ်။ ပန်းဆယ်မျိုးထဲမှာပါတဲ့ ပန်းထိမ်လုပ်ငန်းက ရှေးအစဉ်အဆက်ကတည်းက နန်းတွင်းအသုံးအဆောင်အနေနဲ့ ခံ့ခံ့ထည်ထည်အသုံးပြုခဲ့တဲ့ ပစ္စည်းတွေဖြစ်တယ်။ ဒီအချိန်အထိ ထိန်းသိမ်းထားနိုင်တဲ့အတွက် ပြသခဲ့တဲ့ ပြပွဲတိုင်းမှာ ဝမ်းသာပီတိဖြစ်စွာ ပြသနိုင်ခဲ့ပါတယ်။ ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ကျွန်တော်တို့လို လက်မှုလုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းတွေ အများကြီးရရှိပါတယ်။ လက်မှုလုပ်ငန်းဆိုတာက စီးပွားရေးလုပ်ငန်းသီးသန့်မဟုတ်ဘဲ လက်မှုလုပ်ငန်းကို ထိန်းသိမ်းတဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒီလိုပြပွဲတွေ ကျင်းပပေးခြင်းအားဖြင့် လက်မှုလုပ်ငန်းတွေအပေါ်မှာ တန်ဖိုးထားတတ်တဲ့ စိတ်လေးတွေပါ မပျောက်ပျက်တော့ ပါဘူး။ ဒါကြောင့် အခုလို ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။

ဒေါ်မာလာချို
သဘာဝဆိုးဆေးချည်ထည် ရက်ကန်းလုပ်ငန်း အငယ်စားစီးပွားရေးလုပ်ငန်းဆု အထူးဆုရ ကရင်ပြည်နယ်ပြခန်း

ပြသရတဲ့ရည်ရွယ်ချက်ကတော့ ဘားအံမှာဆိုရင် သဘာဝဆိုးဆေးနဲ့လုပ်တာ ကျွန်မတစ်ဦးတည်း ရှိတော့ ဒီကိုလာရောက်ပြသချင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မက ၂၀၂၄ ခုနှစ် နိဝင်ဘာလမှာ အိန္ဒိယအာဆီယံပွဲကို သွားရောက်ပြသခဲ့ပါတယ်။ အဲဒီမှာ လုပ်ငန်းရှင်တွေနဲ့တွေ့ခဲ့တယ်။ သူတို့က ချည်ထည်နဲ့လုပ်ထားတဲ့ အင်္ကျီလေးတွေကို တော်တော်သဘောကျတဲ့အတွက် ပြည်ပကို တင်ပို့နိုင်ဖို့လုပ်နေပါတယ်။ ပြပွဲပြိုင်ပွဲတွေရှိတော့ ပါဝင် ယှဉ်ပြိုင်ဖြစ်ပါတယ်။ အခုလည်း အသေးစား၊ အငယ်စားမှာ အထူးဆုရရှိထားပါတယ်။ အခုပွဲက ထင်ထားတာထက်တောင် ပိုပြီးအောင်မြင်တယ်။ ပြိုင်ပွဲဝင်တဲ့ လုပ်ငန်းရှင်တွေအကုန်လုံးကို ချိတ်ဆက်ပေးတယ်။ ပြည်ပစျေးကွက် တင်ပို့ချင်ရင်လည်း ဘယ်တန်ဖိုးနဲ့ တင်သွင်းချင်လည်း သေချာ ချိတ်ဆက်ပေးတယ်။ ပစ္စည်းနမူနာလေးတွေ ပို့ပေးမယ် ဆိုရင်လည်းလွယ်တယ်။ အိန္ဒိယတို့၊ အမေရိကန်တို့က စီးပွားရေးစစ်သံမှူးတွေနဲ့လည်း တွေ့ခဲ့ရလို့ အခြားနိုင်ငံတွေနဲ့လည်း အခုဆို ချိတ်ဆက်မိနေပြီ။ အဲဒီနိုင်ငံတွေမှာ မြန်မာ့ထုတ်ကုန် ချည်ထည်တွေကို သူတို့နိုင်ငံမှာ ကျင်းပမယ့် ပွဲတွေမှာ ပြပေးမယ်လို့လည်း ပြောပါတယ်။ ဒီလိုချိတ်ဆက်မိဖို့ ဆိုတာ အလွန်အလှမ်းဝေးပါတယ်။ ဒီလိုပွဲတွေမှာ ဝင်ပြိုင်ခွင့်ရတဲ့အတွက် အကျိုးကျေးဇူး အများကြီးရရှိစေတယ်။ နောက်နှစ်တွေမှာလည်း ပထမဆုရဖို့ ကြိုးစားသွားပါမယ်။ ဒီနေ့ဆိုရင် လည်း ၂/၈၀ ချည်မျှင်နှင့် အထည်စက်ရုံကနေ ချည်ထည်သမားတွေကို အစည်းအဝေးလုပ်ပြီး ချည်ထည်တွေ ဘယ်လိုဝယ်ယူလို့ ရတယ်ဆိုတာကို သိလာတယ်။ အရင်က ၂/၈၀ ချည်တွေကို အပြင်ကနေဝယ်သုံးခဲ့ရတာ ဖြစ်ပါတယ်။ အခုဆို ကိုယ့်မြန်မာပြည်မှာလည်း ထုတ်နေတယ်ဆိုတော့ ကျွန်မတို့အတွက် အလွန်ကို အဆင်ပြေပါတယ်။

ဒေါ်မအေး
ရွှေကျားရက်ကန်းလုပ်ငန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)အကောင်းဆုံးဆုရ

ကျွန်မကတော့ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျားမသောက် ကျေးရွာက ရွှေကျားရက်ကန်း လုပ်ငန်းရှင်ပါ။ အခုပြပွဲမှာ ပြသတာကတော့ ကိုယ့်ရက်ကန်း စက်ရုံက ထုတ်လုပ်တဲ့ စက်ရက်ကန်းထည်၊ လက်ရက်ကန်းထည်၊ ရခိုင်ပုဆိုး၊ ရခိုင်ပလေကပ်နဲ့ ပိုးထည်မျိုးစုံ ပါဝင်ပြသယှဉ်ပြိုင်တာပါ။ MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ကိုယ့်ရဲ့ထုတ်ကုန် ပစ္စည်းတွေနဲ့ ထုတ်ကုန်ရဲ့အရည်အသွေးကို ပြသခွင့်ရလို့ ဝမ်းသာကျေနပ်မိပါတယ်။ ဒီပြပွဲမှာက ကိုယ့်ရဲ့ပစ္စည်းတွေကို ကြော်ငြာနေစရာမလိုဘဲ ပြည်သူအားလုံး သိရှိသွားပါတယ်။ နည်းပညာပိုင်းမှာလည်း တစ်ဦးနဲ့ တစ်ဦး အပြန်အလှန်ဖလှယ်ခွင့်ရပါတယ်။ လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ရမယ့် ကိစ္စတွေလည်း ဆောင်ရွက်ခွင့်ရတယ်။ ကျွန်မတို့ ထုတ်ကုန်တွေကို ရိုးရာမျက်ထုတ်လုပ်ထားပါတယ်။ အခုဆိုရင် နှစ်ရှစ်ဆယ်၊ နှစ်တစ်ရာ ပိုးချည်တွေနဲ့ပဲ ရက်ကန်းခတ်ပါတယ်။ အဲဒီအတွက် OROP အကောင်းဆုံးဆုရရှိတာဖြစ်ပါတယ်။ ကျွန်မအင်မတန် ဝမ်းသာကျေနပ်မိပါတယ်။ အဲဒီဆုနဲ့ ထိုက်တန်အောင် လည်း ဒီထက်ဆယ်ဆမက ကောင်းမွန်အောင် ထုတ်လုပ်ဖို့ လည်းရှိပါတယ်။ နိုင်ငံတကာကို ထိုးဖောက်နိုင်အောင် ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။

ဦးရဲလင်းအောင်
စူပါမင်းဆီစက်လုပ်ငန်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံးဆုရ

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မကွေးမြို့ (က)ရပ်ကွက်ကပါ။ ကျွန်တော့်ဆီစက်ရဲ့ အဓိက ထုတ်ကုန်က မြေပဲဆီနဲ့ နှမ်းဆီပဲ ဖြစ်ပါတယ်။ အခုလို လာရောက် ယှဉ်ပြိုင်ပြသတာက စားသုံးသူ ပြည်သူတွေကို မြေပဲဆီနဲ့ နှမ်းဆီ စစ်စစ်သုံးစွဲနိုင်ဖို့နဲ့ စျေးနှုန်းကိုလည်း သင့်တင့်တဲ့နှုန်းနဲ့ရောင်းချဖို့ အဓိကရည်ရွယ်ပါတယ်။ အခုဆိုရင် ဆုပါရတဲ့အတွက် အတိုင်းမသိ ဝမ်းသာကျေနပ်မိပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ကုန်ပစ္စည်းအားလုံးကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြသကြတာပါ။ သို့ပေမယ့် ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းအားလုံး ကောင်းခြင်း၊ မကောင်းခြင်းကို စားသုံးသူ ပြည်သူတွေကပဲ သတ်မှတ်ပေးသွား ကြတာပါ။ အခုလို MSME ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးတာ လုပ်ငန်းရှင် အတော်များများ လိုချင်တဲ့ဆန္ဒပါ။ အတွေ့အကြုံနဲ့ ဗဟုသုတတွေ လည်းရပါတယ်။ ဒီပြပွဲက ရလိုက်တာက ဆုလည်းရတဲ့အပြင် မှာယူမှုတွေလည်း တိုးပွားနေပါတယ်။ အခုလိုကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးဇော်မင်းဦး
My Like လူသုံးကုန်လုပ်ငန်း စံပြထုတ်ကုန်အထူးဆုရ

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး MSME ပြခန်းမှာ သဘာဝဒန့်သလွန် ထုတ်ကုန်တွေကို လာရောက်ပြသခြင်းဖြစ်ပါတယ်။ ထုတ်ကုန်ပြသတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်ကိုယ်တိုင်က တောင်သူတစ်ယောက် ဖြစ်သလို ဒန့်သလွန်နဲ့ထုတ်လုပ်တဲ့ပစ္စည်းတွေကို သုံးစွဲတဲ့ပြည်သူတွေ အကောင်းဆုံးသုံးစွဲနိုင်အောင်နဲ့ ဒန့်သလွန်စိုက်တောင်သူတွေ အဆင်ပြေအောင် ဒီထုတ်ကုန်တွေကို ထုတ်လုပ်ပြီး လာရောက် ယှဉ်ပြိုင်ပြသခြင်း ဖြစ်ပါတယ်။ အဓိကကတော့ တောင်သူတွေလည်းအဆင်ပြေ၊ သုံးစွဲတဲ့ပြည်သူတွေလည်းအဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေဆိုတော့ ဒီထုတ်ကုန်ကို ထုတ်လုပ်ရခြင်း ဖြစ်ပါတယ်။ ဒန့်သလွန်နဲ့ ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကတော့ သဘာဝဒန့်သလွန် ခေါင်းလျှော်ရည်၊ ဒန့်သလွန် ဆံပင်ပေါင်းဆီ/လိမ်းဆီ၊ ဒန့်သလွန်ဆီစစ်စစ်၊

စာမျက်နှာ ၁၇ သို့ ✪

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်အေးချမ်းသာစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက် ပိုင်းမှစတင်၍ နေပြည်တော် ဥပုဒ်တသန္တိ စေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်လာရောက် လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

အထူးစည်ကားများပြား

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက် ဖြစ်သည့်အပြင် ရပ်ဝေးရပ်နီးမှ ပြည်သူများ ပွဲတော်သို့ လာရောက်လည်ပတ်မှု တစ်ရက်ထက်တစ်ရက် များပြားခဲ့သည့်အတွက် ထပ်တိုးကျင်းပသည့်ရက် ဖြစ်သည်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဒေသထွက်ကုန်များ၊ ရိုးရာ အစားအသောက်များနှင့် MSME ဆိုင်ရာ ထုတ်ကုန်များ၊ ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပြခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှု ပြခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာ ဝယ်ယူသူ၊ လုပ်ငန်းချိတ်ဆက်ဆောင်ရွက်သူများဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများတွင် အထူးစည်ကား များပြားခဲ့သည်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထိုသို့ ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများအလိုက် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသတွင်းလူမှုစီပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို ပြည့်စုံစွာရှင်းလင်းပြသပေးကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသား ရိုးရာအစားအသောက်များကိုလည်း လတ်ဆတ်စွာ ရောင်းချပေးလျက် ရှိသဖြင့် နှစ်ခြိုက်စွာစားသုံးကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများကို မြူးကြွပျော်ရွှင်စွာ ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာမျှဝေမှုများ၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးမှုများ၊ ဈေးကွက်စီးပွားရေးလိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများဖြင့် ကဏ္ဍစုံမျှဝေသွားမည်ဖြစ်ရာ မိဘပြည်သူများ လက်မလွတ်တမ်းလာရောက်လေ့လာနိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

သတင်း - အေးအေးသန့်၊ ကျော်စွာဝင်း
ဓာတ်ပုံ - ထိန်နန်နော်



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအထိမ်းအမှတ်ဖျော်ဖြေပွဲတွင် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြစဉ်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။

✪ စာမျက်နှာ ၁၆ မှ

ဒန့်သလွန်အစေ့ ဆပ်ပြာခဲ၊ ဒန့်သလွန်အရွက် ဆပ်ပြာခဲ၊ ဒန့်သလွန်အရွက်မှုန့်ဆိုပြီး ပါဝင်ပြသထားပါတယ်။ ဆုအနေနဲ့ စံပြထုတ်ကုန်ဆုကို မှန်းထားပေမယ့် အထူးဆုရတော့လည်း ကျေနပ်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျွန်တော်တို့ထုတ်ကုန်တွေ လူသိများသွားမယ်ဆိုရင် လာရောက်ပြသရကျိုးနပ်ပါတယ်။ များများသိမှ များများအကျိုးရှိမယ်၊ အဲဒါမှလည်း တောင်သူတွေ အဆင်ပြေမှာဖြစ်ပါတယ်။ ဒီပွဲကို လာရောက်ပြသကြတဲ့ ထုတ်ကုန်ပိုင်ရှင်တွေက ကိုယ့်ထုတ်ကုန်တွေကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လာကြတာပါ။ သို့သော်လည်း အကောင်းဆုံးတွေကိုပဲ ရွေးချယ်ပေးတာဆိုတော့ ဒီလိုပွဲလေးတွေ ကျင်းပခြင်းအားဖြင့် လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းသာသလို သုံးစွဲတဲ့ပြည်သူတွေအနေနဲ့လည်း အခွင့်အလမ်းရှိတယ်။ ဒီလိုပြပွဲတွေရှိမှလည်း လုပ်ငန်းရှင်တွေက ပြသခွင့်ရမှာမို့ ဒီလိုပွဲတွေ များကြားကျင်းပပေးမယ်ဆိုရင် ပိုကောင်းပါတယ်။

ဦးစန်းဌေး
အနော်ရထာဆီစက်လုပ်ငန်း
ကုန်ထုတ်သမဝါယမအသင်း
စွမ်းဆောင်ရည်ဆု ပထမဆုရ

ကျွန်တော်ကတော့ ညောင်ဦးမြို့နယ် သမဝါယမအသင်းစု အနော်ရထာ ဆီစက်လုပ်ငန်းမှ ဖြစ်ပါတယ်။ ယခုပြပွဲကို လာရောက်ပြသတဲ့ ရည်ရွယ်ချက်ကတော့ သမဝါယမအသင်း အချင်းချင်း တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်ပြီး တော့ သန့်စင်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီတွေ စားသုံးနိုင်ဖို့ အတွက် လာရောက်ပြသရောင်းချတာဖြစ်ပါတယ်။ အခုလို ဒေသတစ်ခု ထုတ်ကုန်တစ်ခု အကောင်းဆုံးဆုရရှိတဲ့အတွက် အင်မတန်မှ ဝမ်းသာ ကျေနပ်မိပါတယ်။ ကျွန်တော့် ထုတ်ကုန်ပစ္စည်းတွေကို ဧရာဝတီ၊ မန္တလေး၊ ကချင်၊ ရန်ကုန်၊ နေပြည်တော်၊ ထားဝယ်တို့ကို ဖြန့်ဖြူးရောင်းချနေပါတယ်။ အခုလို ရောင်းချပေးနိုင်ဖို့ကိုလည်း အခြား သမဝါယမအသင်းတွေနဲ့ ချိတ်ဆက်လျက်ရှိပါတယ်။ အခုပြပွဲမှာ ယူဆောင်လာတဲ့ ထုတ်ကုန် ပစ္စည်းတွေလည်း ပစ္စည်းပြတ်တဲ့အထိ ရောင်းနေရပါတယ်။ ကျွန်တော်တို့ ပဲဆီထုတ်လုပ်မှုကတော့ တောင်သူတွေဆီက သန့်စင်တဲ့ပဲဆန်တွေကို ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ဝယ်ယူကြတဲ့ခွဲရောင်းချတာ ဖြစ်ပါတယ်။ ဈေးနှုန်းလည်းမှန်ကန်တဲ့အတွက် စားသုံးသူပြည်သူတွေ အထူး ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်။ ဒီလို ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ
အလင်းသစ်၊ သန်းတင်အောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဓမ္မာနုဓမ္မ မဟာဒွါရနိုကာယ ဂိုဏ်းလုံးဆိုင်ရာ မဟာနာယကပူဇော်ပွဲနှင့် သန္နိပါတသံဃာ့အစည်းအဝေးပွဲကြီး ရေစက်ချမဂ််လာအခမ်းအနား ကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် "ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ မဟာနာယကပူဇော်ပွဲနှင့် သန္နိပါတသံဃာ့ အစည်းအဝေးပွဲကြီး" ရေစက်ချမဂ််လာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မိဂဒါဝုန်ကျောင်းတိုက် သန္တိသုခ အတုလဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ သာသနာပိုင်ဆရာတော်ကြီးများ၊ ဂဏဦးသျှောင် ဆရာတော်ကြီးများနှင့် ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ အလှူရှင်များ တက်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။



နာယူကြည်ညို

ဦးစွာ မဟာဒွါရနိကာယဂိုဏ်း သောဠသမ သာသနာပိုင် သံဃရာဇ ဂဏာဓိပတိ ဓမ္မသေနာပတိ မဟာနာယကဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ဘုရားငါးဆူကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာနာယက ဆရာတော်ကြီး ဦးဆောင်သော ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ ဆက်လက်နာယူကြည်ညိုကြသည်။

ထို့နောက် မဟာနာယက ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက အလှူငွေများအား တာဝန်ရှိသူများထံ လှူဒါန်းကြသည်။ ယင်းနောက် မဟာဒွါရဂိုဏ်းကြီး၏ ဒုတိယသာသနာပိုင် မဟာနာယက ဓမ္မသေနာပတိ ဟသံတမြို့ လယ်တီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဉ္ဉာဝံသထံမှ သမ္မောဒနီယတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ သာသနာပိုင်ဆရာတော်ကြီးများ၊ ဂဏဦးသျှောင် ဆရာတော်ကြီးများနှင့် ဝန်ဆောင်ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး တတိယသာသနာပိုင် ပထမမဂဒါဝုန် ဆရာတော်ကြီး ဘဒ္ဒန္တသုမနာ၏ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ မဟာနာယကပူဇော်ပွဲနှင့် သန္နိပါတသံဃာ့အစည်းအဝေးပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြကုန်သော ဆရာတော်၊ သံဃာတော်များက သန္နိပါတသံဃာ့အစည်းအဝေးပွဲအား ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက်၌ ကုသိနာရုံဘုရားကြီးနှင့် သိမ်တော်ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း ရေစက်ချမဂ််လာအခမ်းအနား ကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၁၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက်၌ ကုသိနာရုံဘုရားကြီးနှင့် သိမ်တော်ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း ရေစက်ချ မဂ််လာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘုန်းတော်ကြီးကျောင်း သိမ်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးတို့က ရွှေစေတီဘုန်းတော်ကြီးတိုက်ရှိ သိမ်တော်အတွင်း၌ ကိန်းဝပ်စံပါယ်လျက်ရှိသော ကုသိနာရုံဘုရားကြီးအား ရောင်ခြည်တော်ဖွင့်လှစ်ကြပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ ရွှေကြာသင်္ကန်းအား ကပ်လှူပူဇော်ကြသည်။

ယင်းနောက် စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇေဝန္တ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေ ကဇာတင်တော်မူကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များက မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ရွှေစေတီဘုန်းတော်ကြီးတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသက သိဒ္ဓိတင်ဂါထာတော်အား ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ထို့နောက် အလှူမော်ကွန်းကျောက်စာတိုင်အား သံဃာတော်အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွေးနုံ့သာရည်များ ပက်ဖျန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် အလှူရှင်မိသားစုက ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးကြသည်။

တင်ထွန်း(ပြန်/ဆက်)

လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးဂူဒေသသို့ သံလွင်မြစ်ကြောင်းနှင့်အပြိုင် ဆက်သွယ်ဖောက်လုပ်ထားသော သစ္စာလမ်းမကြီး ထော်ရွဲရွာအပိုင်း ကတ္တရာလမ်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၁၅

ကရင်ပြည်နယ် ဘားအံမြို့နယ် ထီးဖိုးကလုံးရွာမှ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးဂူဒေသသို့ သံလွင်မြစ်ကြောင်းနှင့်အပြိုင် ဆက်သွယ်ဖောက်လုပ်ထားသော သစ္စာလမ်းမကြီး ထော်ရွဲရွာအပိုင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းမုခဦး တည်နေရာ၌ ကျင်းပသည်။



အဆိုပါ လမ်းပိုင်းသည် လမ်းအကျယ် တစ်ဖက်ပေ ၂၀ စီ၊ နှစ်ဖက်ပေ ၄၀နှင့် အရှည် တစ်မိုင်ခန့်ရှိပြီး လမ်းအလယ်တွင် အကျယ် ၁၀ ပေရှိ လမ်းလယ်ကွဲန်းနှင့် ပန်းဆိုးကြီးများ၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးတိုင်များ ပါဝင်ကာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ကမ်းနီတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တဝိစာရ၊ ထော်ရွဲတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့နာယက စောထွန်းလှိုင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းပိုင်းအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် အင်းနို့သိပ်ကျေးရွာအုပ်စု ထော်ရွဲကမ်းနားကျေးရွာ ထော်ရွဲကျောင်းတိုက်အဝင် မုခဦးအလှူနှင့် ဆရာတော် ဘဒ္ဒန္တဥတ္တမ၏ မွေးနေ့(ဝိဇာတ)မင်္ဂလာ အခမ်းအနားကို ထော်ရွဲကျောင်းတိုက်၌ ကျင်းပရာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ကမ်းနီတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိစာရ၊မြိုင်ကြီးဂူနန်းဦးဘေးမဲကျောင်းတိုက် ဦးစီးပဓာနနာယက ဒုတိယ မြိုင်ကြီးဂူဆရာတော် သီရိပုံ့ချီဘဒ္ဒန္တဉာဏိက၊ ထော်ရွဲတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမအမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်က ထီးဖိုးကလုံး-မြိုင်ကြီးဂူ-မဲသဝေါလမ်းပိုင်းပြင်ဆင်ထိန်းသိမ်းစရိတ်ငွေကျပ် ၈၀၂၉၀၀၀၀ ကို ဒုတိယ မြိုင်ကြီးဂူဆရာတော်ထံ ဆက်ကပ်လှူဒါန်းကာ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ကမ်းနီတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိစာရ ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကာ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

သင်ယူခဲ့ရသော ဥပဒေအနှစ်သာရနှင့် တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်း

မငြိမ်းငြိမ်းမြတ် (ဥပဒေ)

(၁)

ကျွန်မ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့အချိန်က ဘဝအတွက် အရေးပါတဲ့ ရွေးချယ်မှုတစ်ခုကို စဉ်းစားဆုံးဖြတ်ရပါတယ်။ ဒီဆုံးဖြတ်ချက်က အဆင့်မြင့်ပညာတွေ ဆက်လက်သင်ယူဖို့ အရေးပါသလို ဘဝရဲ့အသက်မွေးဝမ်းကျောင်းရွေးချယ်ရာမှာလည်း အရေးပါပါတယ်။ ကိုယ်လေ့လာသင်ယူထားတဲ့ ပညာရပ်တွေနဲ့ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ် ထပ်တူကျဖို့ စဉ်းစားရပါတယ်။ ကိုယ်ဝါသနာပါတဲ့ ပညာကိုသင်ယူမှလည်း စိတ်ဝင်စားပြီး ပျော်စရာကောင်းမှာမဟုတ်လား။ ဒီတော့ တက္ကသိုလ်မှာ ဘယ်ဘာသာရပ်ကို သင်ယူမလဲဆိုတာ မိဘတွေနဲ့ အကျေအလည်တိုင်ပင်ပြီး ရွေးချယ်ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်မအတွက် အထူးအထွေတော့ မခက်ခဲခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ ဥပဒေပညာကို ဝါသနာပါလို့ ဥပဒေဘာသာရပ်ကိုပဲ ရွေးချယ်ခဲ့ပါတယ်။ ကျွန်မရဲ့ရွေးချယ်ဆုံးဖြတ်မှုဟာ ဥပဒေကျောင်းသူဖြစ်လာဖို့နဲ့ ဥပဒေပညာရဲ့အနှစ်သာရတွေ တွေ့ထိဖို့ ပထမဆုံးခြေလှမ်းဖြစ်ခဲ့ပါတယ်။

ကျွန်မဟာ ဘာဖြစ်လို့များ ဥပဒေဘာသာရပ်ကို ရွေးချယ်ခဲ့သလဲဆိုတဲ့ မေးခွန်းဟာ ကျွန်မကိုယ်တိုင် ဥပဒေပညာကျောင်းသူတစ်ယောက်ဖြစ်လာတဲ့အခါမှာ ပိုပြီးပြည့်စုံတဲ့အဖြေကို သိခဲ့ပါတယ်။ တက္ကသိုလ်ပညာရပ်တွေထဲမှာ ဘယ်ပညာရပ်က ပိုအရေးပါတယ်၊ ပိုအရေးကြီးတယ်လို့ နှိုင်းယှဉ်ပြောဖို့ ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့နေရာသူ လိုအပ်နေ၊ အရေးပါနေလို့ပါပဲ။ ကျွန်မအတွက် ဥပဒေပညာရပ်ဆိုတာလဲ ဒီအတိုင်းပါပဲ။ ကျွန်မအတွက် အရေးပါတဲ့ ပညာရပ်ဖြစ်ပါတယ်။ ကျွန်မတို့တစ်တွေ လူ့ပတ်ဝန်းကျင်မှာနေကြပြီဆိုရင် စည်းတို့၊ ဘောင်တို့၊ ကျင့်ဝတ်တို့၊ ဥပဒေတို့ဆိုတာ မရှိမဖြစ် လိုအပ်ချက်တစ်ခုပါ။ တောင်းမှာအကွပ်၊ လူမှာအဝတ်လိုအပ်သလိုပါပဲ။ ဥပဒေတွေဟာ ကျွန်မတို့ လူမှုပတ်ဝန်းကျင်အတွက် အရေးပါတဲ့ ဘာသာရပ်တစ်ခုဖြစ်တဲ့အတွက် ကျွန်မ ဆုံးဖြတ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

(၂)

ဥပဒေဆိုတဲ့စကားကို လူတိုင်းကြားဖူးနေကျပါ။ ထူးဆန်းတဲ့စကားလုံးတော့ မဟုတ်ပါဘူး။ အချို့ကတော့ ဥပဒေလို့ဆိုလိုက်ရင် ကြောက်လန့်သွားကြတာလည်း တွေ့ဖူးပါတယ်။ ဒါကလည်း ဥပဒေနဲ့ စိမ်းနေလို့ ဖြစ်နိုင်သလို ဥပဒေရဲ့အနှစ်သဘောကို မသိသေးလို့လည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ ဥပဒေတွေဟာ ကျွန်မတို့ကို အကာအကွယ်ပေးဖို့၊ ရပိုင်ခွင့်တွေရဖို့နဲ့ တစ်ဦးချင်း လိုက်နာရမယ့်တာဝန်တွေ လိုက်နာကြဖို့ ပြဋ္ဌာန်းပေးထားခြင်းပါ။ အဲဒီလိုပြဋ္ဌာန်းထားတဲ့ ဥပဒေတွေရဲ့အနှစ်သာရဆိုတာ လူ့အဖွဲ့အစည်းတစ်ခုမှာရှိတဲ့ တရားရေးစနစ်တွေကို ဖော်ညွှန်းနေတဲ့ အခြေခံသဘောသဘာဝ ဒါမှမဟုတ် အခြေခံစည်းမျဉ်းစည်းကမ်းတွေ ဖြစ်ပါတယ်။ သူ့မှာ အခြေခံအတွေးအခေါ်တွေ၊ တန်ဖိုးတွေနဲ့ ရည်ရွယ်ချက်တွေ ပါဝင်ပါတယ်။ ဥပဒေရဲ့အနှစ်သာရတွေဟာ တရားရေးစနစ်တွေနဲ့ ယဉ်ကျေးမှုတွေအပေါ်မူတည်ပြီး ကွဲပြားတာတွေရှိကြပါတယ်။ အဲဒီထဲကမှ တူညီတဲ့ဥပဒေအနှစ်သာရတွေအနေနဲ့ဆိုရင် -

(က) **တရားမျှတမှု။** ဥပဒေတွေပြဋ္ဌာန်းကျင့်သုံးရတဲ့ အဓိကရည်ရွယ်ချက်တစ်ခုက ကျွန်မတို့ လူမှုပတ်ဝန်းကျင်မှာ တရားမျှတမှုတွေရှိဖို့ဖြစ်ပါတယ်။ တရားမျှတမှုတွေရဖို့အတွက် လူတစ်ဦးနဲ့ တစ်ဦး အကြား မျှမျှတတဆက်ဆံမှုရရှိဖို့၊ တစ်ဦးချင်းရဲ့ ရပိုင်ခွင့်တွေရရှိဖို့ ပါပါတယ်။ အဲဒါတွေရဖို့အတွက် အကာအကွယ်ပေးရေး၊ အငြင်းပွားတာတွေကို တရားမျှတစွာနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးတွေလည်း ပါပါတယ်။

(ခ) **ရပိုင်ခွင့်များနှင့် တာဝန်များ။** ဥပဒေတွေဟာ လူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေရဲ့ ရပိုင်ခွင့်တွေနဲ့ တာဝန်တွေကို သတ်မှတ်ပေးထားပါတယ်။ ဥပဒေတွေက အခွင့်အရေးတွေကို အကာအကွယ်ပေးဖို့နဲ့ တာဝန်တွေကို လိုက်နာစေဖို့အတွက် တရားရေးစနစ်တွေကို အထောက်အပံ့ဖြစ်စေပါတယ်။

(ဂ) **အမိန့်။** ဥပဒေတွေရဲ့ နောက်ထပ်သော့ချက်တစ်ခုက လူ့အဖွဲ့အစည်းအတွင်းမှာ တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ ဖြစ်ပါတယ်။ ဥပဒေ၊ အမိန့်နဲ့ စည်းမျဉ်းစည်းကမ်းတွေက လူအချင်းချင်းဆက်ဆံရေးမှာ အမူအကျင့်တွေကို ထိန်းသိမ်းပေးမယ်၊ ပြဿနာတွေကို ဖြေရှင်းပေးမယ်၊ နောက်ပြီး မတည်ငြိမ်မှုတွေကို တားဆီးဖို့အတွက် မူဘောင်တစ်ခုအနေနဲ့ ရပ်တည်ပေးပါတယ်။

(ဃ) **အကာအကွယ်ပေးခြင်း။** ဥပဒေတွေဟာ ကျွန်မတို့ တစ်ဦးချင်းကိုဖြစ်စေ၊ အစုအဖွဲ့တွေကိုဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုဖြစ်စေ အပြင်က ဒါမှမဟုတ် အတွင်းက ဘေးအန္တရာယ်ပြုတာတွေကနေ ကာကွယ်ပေးဖို့အတွက် ရည်ရွယ်ထားပါတယ်။ အနီးစပ်ဆုံး ဥပမာ ပြရရင် ဥပဒေတွေက လူဆိုး၊ သူခိုး၊ လူရမ်းကားတွေရန်ကနေ ကျွန်မတို့ကို အကာအကွယ်ပေးထားပါတယ်။

(င) **တာဝန်ခံမှုရှိစေခြင်း။** ဥပဒေတွေဟာ လူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေအတွက် တာဝန်ယူမှုရှိစေပါတယ်။ ဥပဒေတွေက အကျင့်စာရိတ္တစံနှုန်းတွေကို ချမှတ်ပြီး အဲဒီစံနှုန်းတွေကို ချိုးဖောက်မယ်ဆိုရင် ချိုးဖောက်မှုအတွက် ဖြစ်လာမယ့် အကျိုးဆက်တွေကို တာဝန်ယူတာဝန်ခံစေဖို့ ပြဋ္ဌာန်းထားပါတယ်။

(စ) **လူမှုပြောင်းလဲမှုနှင့် တိုးတက်မှု။** မှန်ကန်ထိရောက်တဲ့ ဥပဒေတွေဟာ လူမှုရေးပြောင်းလဲမှုကို ပံ့ပိုးပေးနိုင်ပါတယ်။ ဒါ့အပြင် လူမှုရေးမမျှတမှုတွေကို ဖြေရှင်းဖို့၊ ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ဖို့နဲ့ လူမှုလိုအပ်ချက်တွေ၊ တန်ဖိုးထားမှုတွေ တိုးတက်စေဖို့အတွက် ဥပဒေတွေက အထောက်အကူပေးပါတယ်။

အဓိကကတော့ ဥပဒေရဲ့အနှစ်သာရဟာ လူတွေရဲ့အပြုအမူကို ထိန်းကျောင်းဖို့နဲ့ အငြင်းပွားတာတွေကို ဖြေရှင်းပေးတဲ့အပြင် တရားမျှတပြီး စည်းစနစ်ကျတဲ့ လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးတဲ့ မူဘောင်တစ်ခု ဖန်တီးပေးခြင်းဖြစ်ပါတယ်။

(၃)

ဒီတော့ ကျွန်မတို့ရဲ့နေ့စဉ်ဘဝတွေမှာ ဥပဒေတွေ လိုအပ်လား လို့ဆိုရင် လိုအပ်တယ်လို့ပဲ ဖြေရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဥပဒေတွေက လူ့ပတ်ဝန်းကျင်ကို ဟန်ချက်ညီမျှတစေလို့ လိုအပ်တယ်လို့ ဖြေရခြင်းပါ။ ဒါဆိုရင် ဥပဒေတွေရှိရုံနဲ့ လူ့ပတ်ဝန်းကျင်အတွက် လုံလောက်ပြီလားလို့ဆိုရင် မလုံလောက်ဘူးလို့ ကျွန်မထင်ပါတယ်။ အမေရိကန်တရားသူကြီး **Frank Caprio** ရဲ့ **Caught in Providence** ရုပ်သံဇာတ်လမ်းတွေကို လူအတော်များများ ကြည့်ဖူးကြပါလိမ့်မယ်။ **Frank Caprio** ဟာ တရားစီရင်တဲ့အခါမှာ ဥပဒေနဲ့ နှလုံးသားကို ပေါင်းစပ်စီရင်တာ တွေ့ရပါတယ်။ လူတစ်ယောက်ဟာ ဥပဒေချိုးဖောက်ခဲ့တာမှန်ပေမယ့် အဲဒီဥပဒေချိုးဖောက်သူဟာ အခြားသော ကျိုးကြောင်းဆီလျော်တဲ့အခက်အခဲတွေရှိနေရင် ကိုယ်ချင်းစာတရားနဲ့ စီရင်ဆုံးဖြတ်တာကို တွေ့ရပါတယ်။ လိုအပ်တဲ့ ငွေကြေးကအစ

“ကျွန်မတို့ဟာ ဥပဒေကို ကျင့်သုံးရသူဖြစ်စေ၊ ဥပဒေကို လိုက်နာရသူဖြစ်စေ အဓိကဦးတည်ချက်ကတော့ ကောင်းမွန်တဲ့လူမှုပတ်ဝန်းကျင်တစ်ခု တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ လူမှုပတ်ဝန်းကျင်ကို တည်ငြိမ်အေးချမ်းပြီးတိုးတက်အောင် တည်ဆောက်ဖို့ဆိုရာမှာ ဥပဒေတွေအပြင် ကျွန်မတို့ရဲ့ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာ၊ အမူအကျင့်၊ စရိုက်၊ စိတ်နေစိတ်ထား နဲ့ ဆင်ခြင်တုံတရားတွေကလည်း အရေးပါပါတယ်။ ဆိုးသွမ်းနေတဲ့သူတစ်ယောက်ကို ထိန်းကျောင်းရာမှာဖြစ်ဖြစ်၊ ပြုပြင်ရာမှာဖြစ်ဖြစ် ဥပဒေတွေက အရေးပါသလို အဲဒီလူ့အသိုက်အဝန်းရဲ့ အမူအကျင့်နဲ့ စိတ်သဘောထားတွေကလည်း အရေးကြီး”

(၄)

အထက်က ဥပဒေရဲ့အနှစ်သာရတွေကိုကြည့်ရင် ကျွန်မတို့ လူမှုပတ်ဝန်းကျင်မှာ ဥပဒေတွေ မရှိမဖြစ်လိုအပ်တာ တွေ့နိုင်ပါတယ်။ ကျွန်မတို့ဟာ အခြားသူတွေနဲ့ကင်းကွာပြီး တစ်ယောက်တည်းနေလို့ မရပါဘူး။ နေ့စဉ်လူမှုကိစ္စအဝဝအတွက် အခြားသူတွေနဲ့ ယှဉ်တွဲနေထိုင်ကြရတယ်။ ပေါင်းသင်းဆက်ဆံရတယ်။ လက်တွဲအလုပ်လုပ်ကြရတယ်။ ဒါပေမဲ့ လူတွေဆိုတာ လူတစ်ကိုယ် စိတ်တစ်မျိုးရှိကြတာဆိုတော့ လူမှုနယ်ပယ်ထဲမှာ မတူညီတဲ့သဘောထားတွေ၊ ဆန္ဒတွေ၊ အယူအဆတွေ၊ သူလိုချင်တာ ကိုယ်လိုချင်တာ စတဲ့ မတူညီနိုင်တာတွေ အများကြီးရှိနေပါတယ်။ ဒီတော့ မတူညီတာတွေများလာတဲ့အခါမှာ ပဋိပက္ခဆိုတာတွေက နေ့စဉ် ဒုနဲ့ဒေး ဖြစ်လာပါတယ်။ အဲဒီဖြစ်လာတဲ့ ဒါမှမဟုတ် ဖြစ်လာနိုင်တဲ့ပြဿနာတွေကို ကြိုတင်ကာကွယ်ဖို့၊ ထိန်းကျောင်းဖို့နဲ့ ဖြေရှင်းဖို့အတွက် ဥပဒေတွေ လိုအပ်ပါတယ်။

ဒါကြောင့် ဥပဒေတွေကို လူတွေ ဖန်တီးကျင့်သုံးလာခဲ့ကြပါတယ်။ လူမှုအသိုက်အဝန်းမှာ ရှုပ်ထွေးမှုတွေ ပိုများလာတာနဲ့အမျှ ဥပဒေတွေရဲ့ အရေးပါမှုဟာလည်း ပိုကျယ်ပြန့်လာပါတယ်။ ဥပဒေနဲ့ ပတ်သက်လို့ ကျွန်မတို့ငယ်စဉ်က ပြည်သူ့တရားရုံး ရုပ်ရှင်ဇာတ်လမ်းတွဲကို ကြည့်ဖူးပါတယ်။ ဇာတ်လမ်းထဲမှာ တရားသူကြီးက ပေါင်ချိန်ဖြစ်ပါတယ်။ ပြည်သူ့တရားရုံး ပေါင်ချိန်က တရားဥပဒေကို အတိအကျ ကျင့်သုံးပါတယ်။ ဥပဒေ ချိုးဖောက်သူ၊ မလိုက်နာသူတွေကို ကျောသား၊ ရင်သားမခွဲခြားဘဲ တရားစီရင်ပါတယ်။ ဒီဇာတ်ကားထဲမှာ တရားဥပဒေရဲ့ အရေးပါမှုနဲ့ တရားသူကြီးရဲ့ မှန်မှန်ကန်ကန်ကျင့်သုံးမှုတွေကို တွေ့ရပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုကို အုပ်ချုပ်ရာမှာ တရားဥပဒေတွေဟာ ဘယ်လိုအခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို သိခဲ့ရပါတယ်။ တရားဥပဒေကျင့်သုံးတာနဲ့ပတ်သက်လို့ အမေရိကန်သမ္မတ ရုစဘဲ့က စကားတစ်ခွန်းပြောဖူးပါတယ်။ **“No man is above the law and no man is below it.”** “ဘယ်သူမှ ဥပဒေအထက်မှာ မရှိသလို ဘယ်သူမှလည်း ဥပဒေအောက်မှာ မရှိပါဘူး” တဲ့။ ဒါဟာ ဥပဒေရဲ့အသက်လို့လည်း ဆိုရမှာပါ။

ဒါကြောင့် ဥပဒေတွေဟာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတိုင်းရဲ့ အခြေခံအုတ်မြစ်အဖြစ် ရှိနေကြပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုအတွက် ဥပဒေရဲ့အရေးပါမှုဟာ အများကြီးကျယ်ပြန့်ပါတယ်။ ကျွန်မတို့ရဲ့ နေ့စဉ်လူနေမှုဘဝ၊ အုပ်ချုပ်ရေးစနစ်၊ လူတစ်ဦးချင်းစီရဲ့အခွင့်အရေး အကာအကွယ်ပေးဖို့တွေအပြင် ကျွန်မတို့အားလုံးရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထိ လွှမ်းခြုံနေပါတယ်။

ဥပဒေဘောင်အတွင်းက ကူညီပံ့ပိုးပေးပါတယ်။ **Frank Caprio** ရဲ့ စီရင်ဆုံးဖြတ်တာတွေကိုကြည့်ရင် လူ့ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်အောင် ပြုပြင်ထိန်းကျောင်းရာမှာ ဥပဒေပြဋ္ဌာန်းချက်တွေအပြင် လူသားဆန်မှု၊ ကိုယ်ချင်းစာတရား၊ ကြင်နာတတ်မှု၊ ဆင်ခြင်တုံတရားတွေ လိုအပ်တာတွေ့ရပါတယ်။ ဒါဟာ ဥပဒေရဲ့ အနှစ်သာရကို ပြည့်ဝစေသလို မေတ္တာနဲ့ထိန်းကျောင်းခြင်းအားဖြင့် လူ့လောကကို လှပစေပါတယ်။ ဥပဒေကိုကျင့်သုံးသူရဲ့ ဆင်ခြင်တုံတရားနဲ့ နှလုံးသားအရည်အသွေးမြင့်မားမှုဟာ ဥပဒေကို ပိုပြီး ထိရောက်စေကာ လူ့လောကကြီးကို လှပတင့်တယ်စေတယ်လို့ ဆိုရမှာပါ။

(၅)

ဒီတော့ ကျွန်မတို့ဟာ ဥပဒေကို ကျင့်သုံးရသူဖြစ်စေ၊ ဥပဒေကို လိုက်နာရသူဖြစ်စေ အဓိကဦးတည်ချက်ကတော့ ကောင်းမွန်တဲ့လူမှုပတ်ဝန်းကျင်တစ်ခုတည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ လူမှုပတ်ဝန်းကျင်ကို တည်ငြိမ်အေးချမ်းပြီးတိုးတက်အောင် တည်ဆောက်ဖို့ဆိုရာမှာ ဥပဒေတွေအပြင် ကျွန်မတို့ရဲ့ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာ၊ အမူအကျင့်၊ စရိုက်၊ စိတ်နေစိတ်ထားနဲ့ ဆင်ခြင်တုံတရားတွေကလည်း အရေးပါပါတယ်။ ဆိုးသွမ်းနေတဲ့သူတစ်ယောက်ကို ထိန်းကျောင်းရာမှာဖြစ်ဖြစ်၊ ပြုပြင်ရာမှာဖြစ်ဖြစ် ဥပဒေတွေက အရေးပါသလို အဲဒီလူ့အသိုက်အဝန်းရဲ့ အမူအကျင့်နဲ့ စိတ်သဘောထားတွေကလည်း အရေးကြီးပါတယ်။

အထူးသဖြင့် ကျွန်မတို့လူငယ်တွေဟာ ခေတ်လွန်ကမ္ဘာကြီးမှာ ရှင်သန်ကြီးပြင်းနေရသူတွေ ဖြစ်ပါတယ်။ ခေတ်လွန်ကမ္ဘာကြီးမှာ ပတ်ဝန်းကျင်ရဲ့ အကျိုးသက်ရောက်မှုတွေက ယခင်ကထက် ပိုများနေပါတယ်။ ပိုမိုရှုပ်ထွေးပြီး ပဋိပက္ခတွေ ကျယ်ပြန့်နေတဲ့အချိန်မှာ တရားဥပဒေရဲ့ အရေးပါမှုက နက်နဲလာနေပါတယ်။ ဒါဟာ ပိုမိုအေးချမ်းတည်ငြိမ်တဲ့ လူ့အသိုက်အဝန်းဖြစ်လာဖို့အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။

မရေရာမှုနဲ့ စိန်ခေါ်မှုတွေ ရောပြွမ်းနေတဲ့ကမ္ဘာကြီးမှာ ကျွန်မတို့ တစ်ဦးချင်းရဲ့ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတွေနဲ့ ကာကွယ်နိုင်၊ ထိန်းကျောင်းနိုင်ဖို့လည်း ကိုယ်စီကြိုးပမ်းဖို့ လိုအပ်လာပါတယ်။ လူတစ်ဦးကို ဥပဒေတွေနဲ့ ပြင်ပက ထိန်းကျောင်းသလို ကိုယ့်ရဲ့ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတွေနဲ့ အတွင်းက ထိန်းကျောင်းမယ်ဆိုရင် ကိုယ့်အကျိုး၊ အများအကျိုး ရရှိစေပြီး တည်ငြိမ်အေးချမ်းတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ပါလိမ့်မယ်။ ။

မွန်ပြည်နယ်အတွင်း နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

မော်လမြိုင် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီးသွားသည့်နေအိမ်များ ပြန်လည်ထူထောင်နိုင်ရေး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် အလှူရှင်တို့က အလှူငွေများအပါအဝင် ဆန်ရိက္ခာ၊ အခြားအိမ်ဆောက်ပစ္စည်းများကို ထောက်ပံ့ပေးပြီး ဖြစ်ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေသည့် အထူးသဖြင့် ကရင်ပြည်နယ်ဘက်မှ ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ မွန်ပြည်နယ်အတွင်း အချို့မြို့နယ်များရှိ နေရပ်စွန့်ခွာ ပြည်သူများအတွက် စုစုပေါင်းငွေကျပ် ၃၇၅ သန်းအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ဆိုင်ရာ နယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအား လုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်



အတွင်း မြို့နယ်အချို့၌ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများက လက်ခံရယူပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားများ ပြောကြား ခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

မုံရွာမြို့ ကျောက္ကာလမ်းနှင့် သာစည်လမ်းကြားရှိ မီးရထားသံလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မုံရွာ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အား မြို့အင်္ဂါရုပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေးနှင့် ရပ်ဝေးရပ်နီးမှ ခရီးသွားပြည်သူများ၊ မြို့နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်စေရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက္ကာလမ်းနှင့် သာစည်လမ်းကြားရှိ မီးရထားသံလမ်းတစ်လျှောက်ရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များ ပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာဘူတာရှိ မီးရထားဝန်ထမ်းများက စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



စုပေါင်းဆောင်ရွက်

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသူများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၅ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၂၀၀၀ ကျော်ဖြင့် မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အပါအဝင်မြို့နယ် ၁၆ မြို့နယ်ရှိစာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

စုပေါင်းဆောင်ရွက်

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(၈၆)ဆေးရုံ၌လည်း ကောင်း၊ အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်ရှိ အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံ၌ လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး ပညာပေးစာစောင်များဖြန့်ဝေ

တနင်္သာရီ ဖေဖော်ဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ယနေ့နံနက် ၇ နာရီမှစ၍ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ထုတ်ဝေပေးပို့သည့် မီးဘေးလုံခြုံရေး ပညာပေးစာစောင်များကို မိဘပြည်သူများထံ ဖြန့်ဝေပေးကြသည်။

ထိုသို့ ပညာပေးစာစောင်များကို ဖြန့်ဝေပေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်ဦးချို့နှင့် ဝန်ထမ်းများက လူစည်ကားရာ ချောင်းကြီးရပ်ကွက် ကမ်းနားလမ်း၊ မြို့မရဲစခန်းလမ်းဆုံနေရာများနှင့် ချောင်းငယ်ရပ်ကွက် အောင်မင်္ဂလာဈေး-၁ ရှိ ဈေးရောင်း/ဈေးဝယ်သူများနှင့် ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် ၄၈၀၀ ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)



သရက်ချောင်းမြို့နယ်၌ မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်

သရက်ချောင်း ဖေဖော်ဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်နိုင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ယနေ့နံနက် ၇ နာရီခွဲမှ စတင်၍ မြို့နယ်စည်ပင်သာယာဈေး အတွင်း/အပြင်နှင့် မြိတ်-ထားဝယ်ကားလမ်းမပေါ်တွင် ပြည်သူများအား မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ၅၇၀၀ အား ဒုတိယအကြိမ် ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)



ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော နွေစပါးသီးနှံများကို ပြန်လည်စိုက်ပျိုးရန် ရွှေအပ်၊ ရွှေရင်အေး မျိုးစပါးများ ပေးအပ်

ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော နွေစပါးသီးနှံများ ပြန်လည်စိုက်ပျိုးရန် ရွှေအပ်၊ ရွှေရင်အေး မျိုးစပါးများပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက ကျောက်တလုံးကြီးမြို့ တွန့်ပုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



မျိုးစပါးပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရာဂီမုန်တိုင်းကြောင့် ကျောက်တလုံးကြီးမြို့နယ်အတွင်း စိုက်ဧကပေါင်း ငါးသောင်းကျော် ပျက်စီးခဲ့ကြောင်း၊ ထိခိုက်ပျက်စီးသွားသည့် လယ်မြေများပေါ်တွင် ပြန်လည်စိုက်ပျိုးနိုင်ရန် ဆောင်းသီးနှံနှင့် နွေစပါးမျိုးများ ပေးအပ်ရခြင်း ဖြစ်ကြောင်း၊ ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးအခက်အခဲများရှိနေသည်ကို သိရှိရသည့်အတွက် လာရောက်ကာ မျိုးစပါးများ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်းက မျိုးစပါးပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးက နမ့်တစ်ဘက် ချောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေအပ်၊ ရွှေရင်အေး မျိုးစပါးများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ပေးအပ်ရာ အသုံးတော်၊ နားဟီး၊ ကက္ကူကျေးရွာမှ တောင်သူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး တောင်သူများက ဒေသလိုအပ်ချက်များ တင်ပြရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော နွေစပါးသီးနှံများကို ပြန်လည်စိုက်ပျိုးရန် မျိုးစပါးပေးအပ်ပွဲတွင် အသုံးတော်၊ နားဟီး၊ ကက္ကူကျေးရွာမှ တောင်သူ ၉၉ ဦးအား ရွှေရင်အေး ၂၄၆ အိတ်၊ ရွှေအပ် ၂၄၂ အိတ် စုစုပေါင်း ၄၈၈ အိတ် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဖေဖော်ဝါရီ ၁၅

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ရုံးပရိဝုဏ်များနှင့် ဧည့်ရိပ်သာများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ လွိုင်ကော်မြို့ယဉ်ကျေးမှုပြတိုက် အဆောက်အအုံအတွင်း စာဖတ်ခန်း၊ ပန်းချီ၊ ပန်းပုအနုပညာပြခန်း၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပြခန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြတိုက်အတွင်း ပစ္စည်းများ ခင်းကျင်းပြသသည့် ပရိဘောဂများကို မူလပုံစံမပျက် ပြန်လည်ပြုပြင်ပြီး ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ဆက်လက်၍ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ ပရိဝုဏ်အတွင်း ပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဧည့်ရိပ်သာ ပြန်လည်ပြုပြင် ပြီးစီးမှုနှင့် ပြည်နယ်ဧည့်ရိပ်သာ အပြီးသတ် တည်ဆောက်ခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရေး အဖွဲ့များက စနစ်တကျ စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက်ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ၊ ပြည်နယ်ဦးစီးမှူးနေအိမ်နှင့် အရာရှိနေအိမ်များ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ပြည်နယ်ဆည်မြောင်းရုံး အုတ်တံတိုင်းခြံစည်းရိုးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အုတ်တံတိုင်းခြံစည်းရိုး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မူလရုံးနေရာတွင် ရုံးများ ပြန်လည်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်ရေး မှာကြားသည်။



ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံး အဆောက်အအုံ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ လျှပ်စစ်မီးပြတ်တောက်ပါက အရန်အဖြစ် အသုံးပြုသည့်မီးစက်များ ပြန်လည်ပြုပြင်သွားရန် မှာကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်အအုံ အပြီးသတ် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ရုံးပြန်လည်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**

မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေမြဿာကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် ဗဟိုမြို့မကျောင်းတိုက်ရှိ သံဃာတော် ၆၄ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့အား အဆိုပါကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

ကချင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(မြစ်ကြီးနား)၏ ဆဋ္ဌမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းပွဲသို့ တက်ရောက်ချီးမြှင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(မြစ်ကြီးနား)၏ ဆဋ္ဌမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်းရှိ ဧရာမြစ်ဆုံခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ကြသည်။



ဦးစွာ ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့လူငယ်မောင်မယ်များအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူအကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လာကြမည်ဖြစ်သည့်အတွက် ပြည်နယ်၏အင်အားတစ်ရပ်အနေဖြင့် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ မောင်တို့၊ မယ်တို့အနေဖြင့် ကျောင်းတွင် သင်ယူလေ့ကျင့်မှတ်သားခဲ့ရသည့် အသိပညာ၊ အတတ်ပညာများဖြင့် တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်နှင့် တောင်သူများက အားထားရသောသူများဖြစ်အောင် ကြိုးစားကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေးဒီပလိုမာအကြိမ်းတန်းနှင့် အငယ်တန်းတို့တွင် ပထမနှစ်မှ တတိယနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ကျောင်းအတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ကြီးထံလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဒီပလိုအောင်လက်မှတ်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံကို စုပေါင်းရိုက်ကူးကြသည်။

ပေးအပ်ချီးမြှင့်

အဆိုပါ ဒီပလိုမာအောင်လက်မှတ် အပ်နှင်းခြင်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(မြစ်ကြီးနား) အနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပထမအကြိမ်အဖြစ် ၁၅၁ ဦး၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဒုတိယအကြိမ်အဖြစ် ၁၃၆ ဦး၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တတိယအကြိမ်အဖြစ် ၁၃၆ ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတုတ္ထအကြိမ်အဖြစ် ၃၅ ဦး၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပဉ္စမအကြိမ်အဖြစ် ၆၀ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့ ဆဋ္ဌမအကြိမ်တွင် ၇၁ ဦးကို ဒီပလိုမာအောင်လက်မှတ် အပ်နှင်းသွားမည်ဖြစ်ပြီး စုစုပေါင်းအနေဖြင့် ၅၅၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယခုပညာသင်နှစ်အတွက် စိုက်ပျိုးရေးဒီပလိုမာ ကျောင်းသား ကျောင်းသူ ၆၁ ဦးနှင့် တတိယနှစ် မွေးမြူရေးဒီပလိုမာ ကျောင်းသား ကျောင်းသူ လေးဦးတို့ကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

(၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၂-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လှိုင်ကော်	ဟားခါး
92 Ron	၃၁၆၀	၃၂၇၅	၃၂၄၀	၃၁၇၅	၃၂၈၀	၃၂၉၅	၃၃၁၅	၃၂၃၀	၄၅၀၅	၃၅၂၅	၃၂၅၀	၃၂၅၀	၃၃၂၀	၃၂၈၅	၃၃၀၅	၃၅၆၅
95 Ron	၃၂၂၀	၃၃၃၀	၃၂၉၅	၃၂၃၀	၃၃၃၅	၃၃၅၀	၃၃၇၀	၃၂၉၀	၄၅၆၀	၃၅၈၀	၃၃၀၅	၃၃၀၅	၃၃၇၅	၃၃၄၀	၃၃၆၅	၃၆၂၀
HSD (500 ppm)	၂၇၃၀	၂၈၄၅	၂၈၁၀	၂၇၄၅	၂၈၅၀	၂၈၆၅	၂၈၈၀	၂၈၀၀	-	၃၀၉၅	၂၈၂၀	၂၈၂၀	၂၈၉၀	၂၈၅၅	၂၈၇၅	၃၁၃၅
HSD (50 ppm)	၃၃၆၅	၃၄၈၀	၃၄၄၅	၃၃၈၀	၃၄၅၅	၃၅၀၀	၃၅၂၀	၃၄၄၀	၄၈၃၀	၃၇၃၀	၃၄၅၅	၃၄၅၅	၃၅၂၅	၃၄၉၀	၃၅၁၅	၃၇၇၀
HSD (10 ppm)	၃၃၆၅	၃၄၈၀	၃၄၄၅	၃၃၈၀	၃၄၅၅	၃၅၀၀	၃၅၂၀	၃၄၄၀	-	၃၇၃၀	၃၄၅၅	၃၄၅၅	၃၅၂၅	၃၄၉၀	၃၅၁၅	၃၇၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၈၆	၃၀၈၀
95 Ron	၃၀၄၁	၃၁၃၆
HSD (500 ppm)	၂၅၆၉	၂၆၅၀
HSD (50 ppm)	၃၁၈၆	၃၂၆၀
HSD (10 ppm)	၃၁၈၆	၃၂၆၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၆၃၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

အိန္ဒိယနှင့် အမေရိကန်ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချရန် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် အိန္ဒိယနှင့် အမေရိကန် ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အမေရိကန်သည် အိန္ဒိယနှင့် ကုန်သွယ်ရေးလိုငွေပြမှုကြီးမားလျက်ရှိကြောင်းနှင့် ကာလရှည်ကြာမညီမျှမှုများကို ဖြေရှင်းရန် စေ့စပ်ညှိနှိုင်းမှုများ စတင်ရန် သဘောတူခဲ့ကြောင်း ထိပ်သီးအစည်းအဝေးပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များကို ပြောကြားသည်။

အိန္ဒိယနှင့် အမေရိကန် ကုန်သွယ်မှုလိုငွေမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၇ ဘီလီယံရှိကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက ပြောသည်။

အိန္ဒိယသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြောင်းနှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုလိုငွေပြမှုကို လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက်ပြောသည်။

ထို့ပြင် အင်ဒို-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းရန် Quad မူဘောင်အောက်တွင်အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဂျပန်တို့ကြား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ထပ်လောင်းအတည်ပြုခဲ့ကြောင်းလည်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

အမေရိကန်သည် အိန္ဒိယနိုင်ငံသို့ လက်နက်နှင့် အခြားပစ္စည်းများ ရောင်းချမှုကို တိုးမြှင့်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



ကနေဒါနိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ) အကြား ခိုင်မာသော ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေး

အော့တဝါ ဖေဖော်ဝါရီ ၁၅

ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူဒေါသည် ဘရပ်ဆဲလ်မြို့တော်၌ ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကော်စတာနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်တို့နှင့် တွေ့ဆုံပြီး ကနေဒါနိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ) အကြား ခိုင်မာသော ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းသည့် သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် အဆိုပါတွေ့ဆုံမှုထွက်ပေါ်လာခြင်းဖြစ်သည်။

ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်များသည် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ



အပါအဝင် ၎င်းတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်နှင့် စီးပွားရေး တည်ငြိမ်မှုကို မြှင့်တင်ရာတွင် ဘက်စုံစီးပွားရေးနှင့် ကုန်သွယ်မှု သဘောတူညီချက် (CETA) ၏ အရေးပါမှုကိုလည်း အလေးပေး ပြောကြားသည်။

ကနေဒါနိုင်ငံက စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ ၇) ၏ လက်ရှိဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ကနေဒါ-အီးယူ ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဖော်ပြခဲ့ပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မှုများသည် အမေရိကန်နိုင်ငံအတွင်း အလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပြီး အမေရိကန်ပြည်သူများ၏ တိုးတက်မှုနှင့် သာယာဝပြောရေးကို အမှန်တကယ်ထိခိုက်စေနိုင်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒေါက အစည်းအဝေးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**
ဘာသာပြန် - အောင်ကျော်ကျော်

အမေရိကန်နိုင်ငံ၌ တစ်တော့ခ် ပြန်လည်အသုံးပြုနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

အမေရိကန်ပြည်ထောင်စုရှိ Apple နှင့် Google playstore များတွင် တစ်တော့ခ် အက်ပလီကေးရှင်းကို ဖေဖော်ဝါရီ ၁၃ ရက်မှစပြီး ပြန်လည်ရယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်သူ သန်း ၁၇၀ အသုံးပြုခဲ့သည့် အဆိုပါ တစ်တော့ခ်အက်ပလီကေးရှင်းသည် အမေရိကန်ကုမ္ပဏီတစ်ခုထံသို့ ရောင်းချခြင်းမရှိပါက နိုင်ငံအတွင်းအသုံးပြုခွင့်ကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း အမေရိကန်ဥပဒေတစ်ရပ်တွင် ဖော်ပြထားခြင်းကြောင့် ဧန်နဝါရီ ၁၉ ရက်နောက်ပိုင်းတွင် အသုံးပြုမှုရပ်ဆိုင်းခဲ့ရသည်။

Appleနှင့် Googleတို့သည် နိုင်ငံအတွင်း တစ်တော့ခ်အက်ပလီကေးရှင်းကို ၎င်းတို့၏ playstore များတွင် ထည့်သွင်းခြင်း သို့မဟုတ် ဖြန့်ဝေခြင်းတို့ပြုလုပ်မည်ဆိုပါက ဥပဒေအရ ပြစ်ဒဏ်များ ချမှတ်နိုင်သောကြောင့် တစ်တော့ခ်ကို ၎င်းတို့၏ playstore များမှ ဖယ်ရှားခဲ့သည်။

သို့သော် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ထက်တွင် အဆိုပါဥပဒေတားမြစ်ချက်ကို လိုက်နာကျင့်သုံးရန်အတွက် အချိန်ယူရမည်ဖြစ်ကြောင်း ကြေညာပြီးနောက် တစ်တော့ခ်အက်ပလီကေးရှင်းကို နိုင်ငံအတွင်း၌ ပြန်လည်အသုံးပြုခွင့် ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည် ရာထူးတာဝန်များစတင်ထမ်းဆောင်သည့် ဧန်နဝါရီ ၂၀ ရက်တွင် အဆိုပါဥပဒေကို လိုက်နာကျင့်သုံးရန် ၇၅ ရက်ကြာ အချိန်ယူရမည်ဟူသည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ လက်ရှိတွင် တစ်တော့ခ်အက်ပလီကေးရှင်းကို နိုင်ငံအတွင်း၌ ဧပြီ ၅ ရက်အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဗီယက်နမ်လျှပ်စစ်ကားကုမ္ပဏီ VinFast က ပြည်တွင်း လျှပ်စစ်ကားဈေးကွက်တွင် ထိပ်ဆုံး၌ရပ်တည်

ဟနွိုင်း ဖေဖော်ဝါရီ ၁၅

ဗီယက်နမ်နိုင်ငံအတွင်း လျှပ်စစ်ကား ဝယ်လိုအားမြင့်တက်လျက်ရှိစဉ် လျှပ်စစ်ကားထုတ်လုပ်သည့်ကုမ္ပဏီ VinFast သည် ပြည်တွင်းကားရောင်းချမှု၏ ထိပ်ဆုံးနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း၌ လျှပ်စစ်ကားရောင်းချမှုသည် ယမန်နှစ်အတွင်း အစီးရေ ၄၉၀၀၀၀ ခန့်ရှိပြီး အဆိုပါ အရေအတွက်သည် ၂၀၂၃ ခုနှစ်ကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

VinFast ကုမ္ပဏီသည် ပြည်တွင်းဈေးကွက်တွင် နေရာရရှိထားပြီးတောင်ကိုရီးယားနှင့် ဂျပန်ပြိုင်ဘက်ကုမ္ပဏီများထက် ရောင်းအားပို မိုကျော်လွန်ခဲ့ကြောင်း သိရသည်။

VinFast က ၎င်း၏ VF3 မော်ဒယ်အမျိုးအစားကို ယမန်နှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး လူကြိုက်အများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် Mini sport utility ကားအမျိုးအစားသည်လည်း အခြားမော်ဒယ်များထက် ဈေးနှုန်းထက်ဝက်ခန့်သာ ကုန်ကျပြီး အမျိုးသမီးငယ်များအကြား ရေပန်းစားလျက်ရှိသည်။

VinFast ကုမ္ပဏီသည် VF3 မော်ဒယ်အမျိုးအစားကို နိုင်ငံခြားဈေးကွက်သို့ စတင်တင်ပို့လျက်ရှိပြီး ၎င်း၏ လျှပ်စစ်ကားထုတ်လုပ်မှုကို ထပ်မံတိုးချဲ့ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အစ္စရေး ဓားစာခံ သုံးဦးကို ဟားမတ်စ်အဖွဲ့က ယနေ့ ပြန်လွှတ်ပေး၊ ပြန်လည်လွှတ်မြောက်လာသည့် ဓားစာခံစုစုပေါင်း ၁၉ ဦးအထိရှိလာ

ဂါဇာစီးတီး ဖေဖော်ဝါရီ ၁၅

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အစ္စရေး ဓားစာခံသုံးဦးကို ဟားမတ်စ်အဖွဲ့က ယနေ့ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဟားမတ်စ်အဖွဲ့သည် ဂါဇာတောင်ပိုင်းခန်ယွန်နစ်မြို့၌ ဓားစာခံသုံးဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့နှင့် အခြားသတင်းရင်းမြစ်များက အတည်ပြုပြောသည်။

အဆိုပါ ဓားစာခံသုံးဦး အပါအဝင် ဟားမတ်စ်အဖွဲ့က ပြန်လည်လွှတ်ပေးခဲ့သည့် ဓားစာခံစုစုပေါင်း ၁၉ ဦးအထိ ရှိပြီဖြစ်သည်။

ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသည် ဧန်နဝါရီ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ အစ္စရေးသည် ယခုအချိန်အထိ ပါလက်စတိုင်း ထိန်းသိမ်းခံထားရသူ ၇၆၀ ကျော်ကို ပြန်လည်လွှတ်ပေးခဲ့သည်။

ဟားမတ်စ်က အစ္စရေးသည် သဘောတူညီချက်ကို ချိုးဖောက်ကာ တိုက်ခိုက်မှုများ ဆက်လက်ဆောင်ရွက်နေသည်ဟု စွပ်စွဲကာ ၎င်း၏ (၆)ကြိမ်မြောက် ဓားစာခံပြန်လည်လွှတ်ပေးမှုကို ရွေ့ဆိုင်းမည်ဟု အစောပိုင်းတွင် ကြေညာခဲ့သည်။ ဟားမတ်စ်အဖွဲ့သည် ဓားစာခံပြန်လွှတ်ပေးမှုကို ရပ်ဆိုင်းပါက တိုက်ခိုက်မှုများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း အစ္စရေးက သတိပေးခဲ့သည်။

လက်ရှိတွင် ဟားမတ်စ်အဖွဲ့က ဓားစာခံသုံးဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းသွားမည်ဟု ယုံကြည်ရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂါဇာကမ်းမြောင်ဒေသကို အမေရိကန်ပိုင်ဆိုင်ခွင့်ပေးရန်နှင့် ဒေသခံပြည်သူ ပါလက်စတိုင်းများကို တခြားနေရာများသို့ ပြောင်းရွှေ့ပေးရန် အကြိမ်ကြိမ် ပြောဆိုခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသ၌ ထာဝရအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်နိုင်မည်လားဆိုသည်ကို လက်ရှိအချိန်အထိ ရှင်းလင်းစွာ မသိရသေးပေ။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ် မိုးကောင်းကျေးရွာ ကြေးနီချောင်းတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Canda 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၆၇၀၀)ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၁၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၈၃၇၈)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၃၇၈၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ အဝေးပြေးကားကြီးကွင်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၇၇၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၁၄ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်၊



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ဖြ၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၉၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၀၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၁၉၉၃၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ် မင်္ဂလာလမ်းအမှတ် (၁၃) ရပ်ကွက် အမှတ် (၁၂၃)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ၁၃ရက်နှင့်၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၁မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၅၀၈၈၈)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန်မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုး အားပေးရမည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၂-၂၀၂၅ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဟိုက်တရားတော်(မင်္ဂလာသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ ဂရုဝဲတောင်ကြီးများရှိရာဆီ
၀၉:၁၅ ကာတွန်းအစီအစဉ် 'လှပသောကြေးဘီးစည်' (အပိုင်း-၁)
၀၉:၃၀ ဆာဇာရီဥယျာဉ်(နေပြည်တော်)သို့ အလည်တစ်ငါက်
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ 'ဝံစားနားဆင်ဂရုဒီယိုတေးသံစဉ်' တေးဂီတ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၃၀ အသိပညာနှင့်အမှန်တရား
၁၂:၅၅ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာကန္တဝင်ရုပ်ရှင် 'ချစ်အိမ်ထဲတစ်သားစု' (ညွှန်ကြားထွန်းထွန်းနိုင်၊ချိုပြုး၊ မေဝင်းဖော၊ ငြိမ်ငြိမ်းအိ)
၁၆:၄၅ Sports Diary
၁၇:၁၀ ထူးခြားစုံလင်အာရုပစိဖိတ်အစီအစဉ်
၁၇:၂၅ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
၁၈:၃၀ ပြည်ချစ်သားယွန်တေးသဝဏ်
၁၈:၄၀ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနင်ဇာဒိုး' (အပိုင်း-၅)
၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း ဝိုးလေဝေအာခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'တေးသံရင်ညှိုးပြီလေး' နှင့်တွေ့ဆုံခြင်း (ဒုတိယပိုင်း)
၂၁:၂၅ 'ဥ၀၂၅ ခုနှစ် တဂုတ်နှစ်သစ်ကူး ညချမ်း ပင်းသာလျက်ငြိမွေ့' ထုတ်လွှင့်မှုအစီအစဉ်
၂၂:၁၀ ဂုဝိမြင်သံကြားဇာတ်လမ်း

mitv

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:12 Mushroom Farming
07:37 A Traditional Food in Bagan: Pone Ye Gyi
07:51 Sagaing: Gold Leaf
08:01 News
08:28 The Usefulness of Thread
08:46 Frishery Products: Pickled Prawn Business
09:01 A Worth Keeping Treasure of Anyar
09:25 Today Myanmar; Myanma MSME with Productivity and Innovation (Bakery)
09:46 Gold from Garbage
10:01 News
10:26 Topics Potpourri; Like Texas; Spain's arid south draws Western film shoots

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)
ကယား (၀၈:၀၀ မှ ၁၀:၀၀)
ပိုးသားတိမ်ထူအောက်ကလွိုင်နန်းဗင်တောင်အလှ
ဝဂကကရင် (၁၀:၀၀ မှ ၁၁:၀၀)
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၀)
အနောက်ပိုးကရင် (၁၁:၀၀ မှ ၁ ၂:၀၀)
မြန်မာ့ဂိုးရာလက်မှုပညာပုသိမ်ထီးလုပ်ငန်း
အရှေ့ပိုးကရင် (၁ ၂:၀၀ မှ ၁၃:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁)
ချင်း (လိုင်မိုး) (၁၃:၀၀ မှ ၁၄:၀၀)
မုန်တိုင်းထဲကခရီးသည်(အပိုင်း-၂)
ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)
တောင်ယာခုတ်ရန်ဆုတောင်းခြင်း
မွန် (၁၅:၀၀ မှ ၁၈:၀၀)
ရှားစောင်းအစွမ်းအံ့မခန်း
ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်ရတိုရာအိမ်ကလေး
ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)
ခေါက်စားဟင်းလျာ
ဝ (၂၁:၀၀ မှ ၂၃:၀၀)
မုန့်လုံးပြုလုပ်နည်း

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၃:၁၅ News Desk
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ Next Level
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ စူးစမ်းရှာဖွေလူ့ဟောင်းအဖွေ

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူ့စွမ်းအားပြည်ထဲပဒေသကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလွဲ'
၁၀:၀၀ ပြည်သူ့စွမ်းအားပြည်ထဲပဒေသကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စီယက်နှစ်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာလူ့ကောက်ပွဲများအကြောင်း 'အာဇရိုကနိုင်ငံ' (အပိုင်း-၂)
၁ ၂:၃၀ လူ့သို့မျိုမည်ပန်းတိုင်ဆီ (အပိုင်း-၄၀)

MRTV FARMERS HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူအများပြည်ရွှင်ပို့ချည်မျှင်ရှည်ဝါစိုက်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၃၅ Family Farmers – the Future of Asia and the Pacific
၁၃:၂၀ Shwe Kyo Ep(5)
၂၂:၀၀ ၂၀ရာစုမျက်ရည်စက်များ(ဇာတ်လမ်း)
၁၁:၀၀ Hachi- A Dog's Tale (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၀၇:၄၅ Weekend News
၁၂:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို ဇာနည်(ကုက်)(ဒုတေ)နှင့်မြို့ တင်ကြေးမန်းသွင်း (၄)နာရီ (၅)ကြိမ်မြန်မာ့ အသံလွှင့်ခြင်းလျက်ရှိပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသ သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါရှိ ဆရာတော်ကြီး၏ အန္တိမအဂ်ိုဈာပန သာဓုကီဠနပူဇာအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် (၂၃)ရပ်ကွက် သာသနာ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသ သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါရှိဆရာတော်ကြီး၏အန္တိမအဂ်ိုဈာပန သာဓုကီဠနပူဇာအခမ်းအနားအား ယနေ့ည နေပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားအား သဗ္ဗညုဿီရာ အနိစ္စာတိ အစရှိသော သုံးဂါထာကိုရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဟင်္သာတမြို့နယ် မိုးကောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရ မဟာထေရ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီး ဘဒ္ဒန္တပညိဿရာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တပည့်များက စိန်ကတ္တီပါလွှမ်းခြုံပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ပေးပို့အပ်သော သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မိတ္ထိလာဆရာတော် ဘဒ္ဒန္တကောဝိဒ အရှင်သူမြတ်က ဖတ်ကြားလျှောက်ထားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးပို့ဆက်ကပ်အပ်သော ဝမ်းနည်းကြောင်း သဝဏ်လွှာကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖတ်ကြားပူဇော်သည်။

ၦင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ မဓုံးရိမ်တိုက်သစ် ပဓာနနာယက ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်က သံဝေဂမွှကထာ ဟောကြား၍ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် မှော်ဘီမြို့နယ် ရေကျော်ကျောင်းဆရာတော် ဘဒ္ဒန္တအာတဖက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်ပေါ်သို့ ကြွရောက်တော်မူပါရန် အဘိယာစန နိမန္တနဂါထာ ဖြင့် တောင်းပန်လျှောက်ထားသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် ပရိသတ်အားလုံးတို့က အနိစ္စာဝတ သခ်ါရ အစချီသော သံဝေဂဂါထာတို့ကို ရွတ်ဆိုပွားများပြီး ကရဝိက်ဖောင် နတ်ပန်းရထားပေါ်သို့ ပင့်ဆောင်ကြသည်။

ၦင်းနောက် ကရဝိက်ဖောင်နတ်ပန်းရထားယာဉ်မှ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို စကားဝါလမ်းနှင့် ဆေးရုံလမ်းထောင့်ရှိ လောင်တိုက်တော်နေရာသို့ ပြန်လည်ပင့်ဆောင်ပြီး ဆရာတော်၊ သံဃာတော်များက ဟန္ဒ ဒါနိ ဘိက္ခဝေ အစချီသော ပစ္ဆိမ ဗုဒ္ဓဝစနကို ရွတ်ဆိုပူဇော်ကြပြီး တပည့်ကြီးသုံးပါးတို့က စက်ခလုတ်နှိပ်၍ အန္တိမအဂ်ိုဈာပန မီးပူဇော်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)





သန်လျင်မြို့၌ စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်ဆက်ကပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် လေးထပ်ပရိယတ္တိစာသင်တိုက် ဂိုဏ်းပေါင်းစုံထေရဝါဒပရိယတ္တိသာသနာ့ဟိတအသင်းက ကျင်းပသော နဝမအကြိမ်မြောက် သာမဏေကျော်လင်္ကာရနှင့် ဝိနယာလင်္ကာရဂုဏဝိသိဋ္ဌ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမာစာရ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းနှင့် စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား အောင်လက်မှတ်နှင့် ဝတ္ထုဇွေများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အောင်ချမ်းသာလေးထပ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာပညာသာရက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ယခုနှစ် နဝမအကြိမ်မြောက် သာမဏေကျော်လင်္ကာရနှင့် ဝိနယာလင်္ကာရစာမေးပွဲတွင် သံဃာတော်နှင့်သီလရှင် စုစုပေါင်း အပေါ်း ၉၀ အောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းထုတ်ပြန်

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင်သတင်းဌာနများက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ်လမ်းမှား မရောက်ရှိစေရေး တရားဝင်သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာနိုင်ရေး အသိပညာပေးဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းရန် မသင့်လျော်သူများကိုလည်း အကြောင်းမဲ့သက်သက်ခေါ်ယူမည်မဟုတ်သလို ယခုကာလတွင်လည်း အမျိုးသမီးများကို ပြည်သူ့စစ်မှုထမ်းခေါ်ယူရန်မရှိသေးကြောင်းကို သတင်းထုတ်ပြန်ထားရှိပြီး ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စစ်မှုထမ်းဆောင်ရန် အကျိုးဝင်သူများအား ဆင့်ခေါ်ခြင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ စေလွှတ်ခြင်းများဆောင်ရွက်ရာတွင် ငွေကြေးကောက်ခံခြင်း၊ ရယူခြင်းများပြုလုပ်သဖြင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားထားရှိပြီး ဖြစ်သော်လည်း အချို့ မြို့နယ်များ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ငွေကြေးကောက်ခံမှု၊ ရယူမှုများရှိနေသဖြင့် တိုင်ကြားမှုများ ဖြစ်ပေါ်လျက်ရှိပြီး စစ်မှုထမ်းဆောင်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် မှန်သမျှသည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းစဉ်များဖြစ်၍ ငွေကြေးကောက်ခံမှု၊ ရယူမှုမရှိစေရေး ရပ်ကွက်/ ကျေးရွာအဆင့်အထိ အလေးထားလိုက်ပါ ဆောင်ရွက်နိုင်စေရေးနှင့် အရွယ်ရောက်သူ နိုင်ငံသားအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသားစစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြရန်နှင့် အားပေးထောက်ပံ့ ကူညီပံ့ပိုးပေးကြပါရန် ပြည်သူလူထုအားချပြ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နန်းရွှေရတီ(ပြန်/ဆက်)



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနှင့် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တို့ ပူးပေါင်းကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀ နှစ်အောက် အမျိုးသားဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ လမ်း ၃၀ ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း (အောင်သမာဓိ)က အမှာစကားပြောကြားကာ ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ အားကစားပစ္စည်းများ ပေးအပ်သည်။



ထို့နောက် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မိုးက လက်ခံ၍ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဖွင့်ပွဲ ပထမပွဲစဉ်အဖြစ် ဘုရားသုံးဆူအသင်းနှင့် ASM လူငယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **တင်မောင်-မန်း**

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇော်လင်းထက်[၁၄/ဒဒရ(နိုင်) ၁၀၇၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်းထက် ပိုင်ဆိုင်၍ လက်ရှိထားနေထိုင်နေသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်း-သကမ-၂၊ အမှတ် ၁၀ရပ်ကွက်၊ ရေစကြိုလမ်း၊ အမှတ်-၃၃၆(ခ)၏ (ပေ၂၀x၆၀ပေ)မှ ခေါင်းရင်းဘက်အခြမ်း (ပေ၁၀x၆၀ပေ)၏ မြေပိုင်ဆိုင်မှု ပါမစ်စာရွက်မှာပျောက်ဆုံးနေသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေသိရှိခြင်း မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းများကို ကန့်ကွက်ပါကြောင်း၊ တရားမဝင်အတည်မဖြစ်ပါကြောင်းနှင့် မမှန်မကန်ဆောင်ရွက်မှုများ လုပ်ဆောင်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြဒါလီအောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၈၆)
အမှတ်-၈၀၇၊ သာစည်လမ်း၊ ၁၀/၃၃ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
Ph:09-258317271

"ပျောက်ဆုံးကြောင်း"

ကျွန်တော် မောင်စိုင်းအောင်ထွေး [၁၃/တယန(နိုင်)၀၆၆၆၇၁] နိုင်ငံကူးလက်မှတ်စာအုပ် MB-873127 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-882239933

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ရေကျော်လမ်းမကြီးနေ ကျွန်တော် စိုင်းဝင်းမင်းဦး (ဘ) ဦးစိုလ်ကျော်မင်း [၁၂/ပဇတ(နိုင်)၀၃၁၆၄၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 173346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၉၅၂၀၀၂၀၃၅

❖ **MNL ပြိုင်ပွဲမှ**

ပွဲ ၂၀ ကစား ရှစ်မှတ်သာရသေးပြီး အဆင့် ၁၀ နေရာမှ Dagon Port အသင်းနှင့် ခုနစ်မှတ်အထိ ကွာဟနေသဖြင့် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

မဟာယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး အောင်လှိုင်ဝင်း၊ ကောင်းမြတ်သူ၊ ကျော်စွာမင်း၊ တိုးဆက်နိုင်တို့ဖြင့် ပွဲထွက်လာပြီး မြဝတီအသင်းမှာမူ ထွန်းနန္ဒဦး(ဂိုး)၊ နိုင်ဇင်ထက်၊ သော်ဇင်အောင်၊ ထက်လင်းအောင်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိပြီး ၃၇ မိနစ်တွင် သီဟအောင်က မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၃၈ မိနစ်တွင် ကောင်းမြတ်သူက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင် မဟာယူနိုက်တက်အသင်းက ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၄၇ မိနစ်တွင် ကျော်စွာမင်း၊ ၅၂ မိနစ်တွင် ပက်ထရစ်နှင့် ၅၇ မိနစ်တွင် နေလင်းစိုးတို့က အနိုင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ ကျော်စွာမင်းက ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၃၂ မှတ်၊ မြဝတီအသင်းက ပွဲ ၂၀ ကစား ရှစ်မှတ် ရရှိထားသည်။

ပွဲစဉ်(၂၀)တတိယနေ့ကို ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အား/ကာသိပွဲအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**



7 Dragon အသင်းနှင့် JZ Yangon အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၂)ကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ပွဲစဉ် (၁၂) တွင် Black Cross အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး-လေးဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက KKY အသင်းကို ၁၁ ဂိုး-ငါးဂိုး၊ Pacific Sun Far အသင်းက Maryar အသင်းကို လေးဂိုး-တစ်ဂိုး၊ TG United အသင်းက YCDC Marga Youth အသင်းကို ခြောက်ဂိုးပြတ်၊ 7 Dragon အသင်းက JZ Yangon အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး 7 Brother အသင်းနှင့် Gold Dream အသင်းတို့ သုံးဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ်(၁၂)အပြီးတွင် TG United အသင်းက ၃၀ မှတ်၊ Pacific Sun Far အသင်းနှင့် 7 Dragon အသင်းတို့က ၂၆ မှတ်စီ၊ Black Cross အသင်းက ၂၃ မှတ်၊ Gold Dream အသင်းက ၂၂ မှတ်၊ JZ Yangon အသင်းက ၁၉ မှတ်၊ YCDC Marga Youth အသင်းက ၁၅ မှတ်၊ KKY အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ၁၁ မှတ်စီ၊ လက်ဝဲသုန္ဒရအသင်းက ရှစ်မှတ်၊ 7 Brother အသင်းက ခုနစ်မှတ်၊ Maryar အသင်းက ခြောက်မှတ်ရရှိထားသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MFF

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် (၁၇၅)၊ (၃၃)လမ်း၊ ဒုတိယထပ် (ဝဲဘက်) ကျောက်တံတားမြို့နယ်နေ ဦးစိုးဝင်းမောင်- ဒေါ်သန်းသန်းဌေးတို့၏ သားဖြစ်သူ မောင်ဝေဖြိုးဦး [၁၂/လမတ(နိုင်)၀၃၇၃၃၇] သည် မိဘဖြစ်သူတို့၏ ဆုံးမမှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲစေသောကိစ္စရပ်များကို အကြိမ်ကြိမ် အခါခါ ပြုလုပ်ပြီး နေအိမ်မှ ၎င်း၏ သဘောဆန္ဒအလျောက် ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးဝင်းမောင်- ဒေါ်သန်းသန်းဌေး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်း၀ဲ၊ မြေကွက်အမှတ်-၂၅၇၊ အကျယ်အဝန်း (၂၅ပေx၆၀ပေ)ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ အမှတ်(၃၀)ပထမထပ်၊ (B)(ခြေရင်းခန်း)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်း၀ဲရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ပေx၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား (၅-၃-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ အရစ်ကျစနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းသာလျှင် လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဌေး [၁၂/ဒပန(နိုင်)၀၂၆၁၁၄] က ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ဆိုပေးချထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်လွှဲပြောင်းရောင်းချခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးညီမင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၈၅)
အမှတ်(၂၄)၊ မြောင်းကြီးလမ်း၊ ရေကျော်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၂၀၀၆၆၂

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း၊ရပ်ကွက်အမှတ်(၈၁)၊ ဝေပုလ္လ(၂)လမ်း၊ မြေကွက်အမှတ် (စဉ့/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်နေဆဲဖြစ်သည့် (၆)ထပ်တိုက်သစ်(မုန်ခန်းမပါ)၏ (၅)လွှာ၊ အကျယ်အဝန်း(၁၈ x ၅၄)ပေရှိ လူနေတိုက်ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ရောင်းချပိုင် ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံပြောဆိုသူ ကန်ထရိုက်တာ ဦးဝေယံယန် [၁၂/ကမရ(နိုင်)၀၅၇၈၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိမိထွန်း [၁၂/ စခန(နိုင်) ၀၁၁၆၁၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကြိုတင်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖြိုးသက်ဦး (LL.B) (စဉ်-၁၈၅၀၃)
ဒေါ်နင်းယုဝေအေး(LL.B, LL.M, D.I.L) (စဉ်-၁၈၂၃၇)
ဒေါ်ခိုင်ခိုင်စော်(LL.B, D.I.P.L) (စဉ်-၅၀၈၉၀)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ်(၅)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက် ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၀၀၀၆၆၂၉၉၊ ၀၉-၇၉၉၀၈၂၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၆၂၀)၊ ဇရီယာ(၀.၀၅၅၆)ဇကရီဒေါ်နှင်းနှင်းအိအမည် ပေါက်သည့် နှစ်(၆၀)မြေဌားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဦးတင်အောင်မြင့်(၁၂/အလန(နိုင်)၀၃၀၄၅၅)ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတခို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

.လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်ထွန်း LL.B.,L.L.M
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း ၀၉-၄၀၈၁၅၅၉၉

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်ဝါထွန်း [၇/ပမန(နိုင်)၁၄၀၀၉၉၉] နှင့် ဦးတင်ထွဋ်ဝင်း [၁၀/သထန(နိုင်) ၁၅၃၅၉၉] တို့သည် ယခုအခါ ဆက်လက်ပေါင်းသင်းရန် နှစ်ဦးသဘောတူဆန္ဒမရှိတော့ပါသဖြင့် (၂၇-၁-၂၀၂၅)ရက်နေ့ကတည်းက မရမ်းကုန်းမြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးတင်ထွဋ်ဝင်းနှင့် ဒေါ်ဝင့်ဝါထွန်းတို့သည် မည်သည့်အကြောင်း ကိစ္စနှင့်မဆို ပတ်သက် ဆက်နွယ်ခြင်းမရှိတော့ပါကြောင်းနှင့် ဦးတင်ထွဋ်ဝင်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဒေါ်ဝင့်ဝါထွန်းမှ ဖြေရှင်းပေးစရာ အကြောင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းလိုပါက လွတ်လပ်စွာမေးမြန်းနိုင်ပါသည်။)

ဒေါ်ဝင့်ဝါထွန်း[၇/ပမန(နိုင်)၁၄၀၀၉၉၉]၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းနွယ်(LL.B)	ဦးဘိုဘိုထွန်း(LL.B)	ဒေါ်မမျိုကျော်(LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၇၄၂၅)	(စဉ်-၄၈၀၁၆)	(စဉ်-၅၅၁၅၀)
ဒေါ်ခင်သဇင်ဦး(LL.B)	ဦးစိုးသူ(LL.B)	ဒေါ်နှင်းနုအေး(LL.B)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၄၉၄၄၄)	(စဉ်-၅၅၁၅၀)	(စဉ်-၅၃၄၄၄)

ဖုန်း ၀၉-၇၉၉၁၄၆၆၃၊ ၀၉-၇၉၄၁၄၄၆၁၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၀၂၉)ဟုခေါ်တွင်သော ဒေါ်တုန်ဘူး (ဘ) ဦးစီးတုန် (MPI-011796) အမည်ပေါက်၊ ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် လက်ရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းမာထိုက်(ဘ)ဦးပေါက် [၇/ဖမန(နိုင်)၁၂၄၃၂၉]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာစိုးနှင့် ဒေါ်ခင်နှင်းသူဇာတို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ယဉ်စော်(LL.B(Q),HGP) ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)
အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၂၉) အထက်တန်းရှေ့နေ(စဉ်-၅၂၄၂၂၄)
အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-စ၈၅၀၃၂၂၃၅

ဦးသောင်းလှိုင်(နိုင်ငံသားအမှတ်- AB-061487) ကိုင်ဆောင်သူနှင့်တကွ အများသိစေရန်ကြေညာချက်

ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သော ဦးမောင်ကလေး၊ ဒေါ်အမာတို့တွင် သားသမီး (၃)ဦး မွေးဖွားသည့်အနက် အငယ်ဆုံး သမီး ဒေါ်တင်နွယ်အေး [၁၂/ကမရ(နိုင်)၀၅၃၂၈၅၅]နှင့် ဦးသောင်းလှိုင် (AB-061487)တို့သည် တရားဝင် အကြင်လင်မယားအဖြစ် အမှတ်- ၁၁၊ ဇေယျာသီရိလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်တွင် နေထိုင်ခဲ့ရာ သားယောကျ်ားလေး (၁)ဦးထွန်းကားခဲ့ပြီး၊ ၎င်းတို့၏ သားသည် ဆွတ်ဇာလန်နိုင်ငံသို့ ထွက်ခွာသွားပြီး နိုင်ငံခြားသား အဖြစ်ခံယူခဲ့ကြောင်း သိရှိရပါသည်။ ဦးသောင်းလှိုင်၏ဇနီး ဒေါ်တင်နွယ်အေးတွင် အစ်မကြီး ဒေါ်တင်ထူးနှင့် အစ်ကိုဖြစ်သူ ဦးခင်မောင်သိန်း၊ မောင်နှမ (၃)ဦး အရင်းအချာရှိခဲ့ရာတွင် အစ်မကြီး ဒေါ်တင်ထူးသည် အပျိုကြီးဘဝဖြင့် (၈-၁၁-၂၀၁၂)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ အစ်ကိုဖြစ်သူ ဦးခင်မောင်သိန်းမှာလည်း (၂၈-၉-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြပါသည်။ ကွယ်လွန်သူ ဦးခင်မောင်သိန်းနှင့် ဇနီး ဒေါ်သိဂီချစ်တို့တွင် သား ဦးလင်းထက်အောင် [၁၂/ကမရ(နိုင်)၀၆၁၅၈၄] တစ်ဦးတည်းမွေးဖွားထွန်းကားခဲ့ပြီး၊ ဦးခင်မောင်သိန်း၏ဇနီး ဒေါ်သိဂီချစ်မှာလည်း (၃-၁၂-၂၀၂၁)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ဦးသောင်းလှိုင်၏ဇနီး ဒေါ်တင်နွယ်အေးသည် မကွယ်လွန်မီက ၎င်းအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၁၁)ရှိ မြေကွက်အမှတ်- ၇ E (၁-က)ဟုခေါ်တွင်သည့် မြေပိုင်မြေအမျိုးအစားမြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၇)ထပ်အား ဒေါ်တင်နွယ်အေးမှ မြေပိုင်ရှင်အဖြစ် Golden Gate ဆောက်လုပ်ရေးကုမ္ပဏီနှင့် (၂)ခန်းတွဲ (၇)ထပ်တိုက်အဖြစ် ကန်ထရိုက်တာနှင့် နှစ်ဦးသဘောတူချုပ်ဆို၍ ကန်ထရိုက်မှ အဆောက်အဦအကြမ်းထည်အဖြစ် ဆောက်လုပ်နေဆဲဖြစ်ပါသည်။ ယင်းနှစ်ဦးသဘောတူကန်ထရိုက်စာချုပ်တွင် မြေရှင် ဒေါ်တင်နွယ်အေးနှင့် ကန်ထရိုက်တို့မှ တစ်ခြမ်းပေး တစ်ခြမ်းယူစနစ်ဖြင့် တိုက်ခန်း (၆)ခန်း ခွဲဝေရရှိရန် ချုပ်ဆိုခဲ့ကြပါသည်။ ထိုအခြေအနေတွင် အဆောက်အဦအချောထည် မပြီးစီးမီ မြေရှင် ဒေါ်တင်နွယ်အေးသည် (၈-၅-၂၀၂၁)နေ့တွင် ကွယ်လွန်ခဲ့သောကြောင့် ဒေါ်တင်နွယ်အေး မြေရှင်အဖြစ်နှင့် Golden Gate ဆောက်လုပ်ရေးကုမ္ပဏီ ကန်ထရိုက်တာတို့ ချုပ်ဆိုထားသော စာချုပ်တွင် မြေရှင် ဒေါ်တင်နွယ်အေး ကွယ်လွန်သဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသောင်းလှိုင်မှ မြေရှင် ဒေါ်တင်နွယ်အေး ပါဝင်ချုပ်ဆိုသော စာချုပ်တွင် မြေရှင်အဖြစ် ကန်ထရိုက်တာနှင့် ပဋိညာဉ်စာချုပ်အား ပြောင်းလဲပြင်ဆင်ချုပ်ဆိုရန် တာဝန်ရှိပါသည်။ ထိုသို့တာဝန်ရှိနေသော်လည်း ဦးသောင်းလှိုင်မှ ဇနီး ဒေါ်တင်နွယ်အေးနှင့် Golden Gate ဆောက်လုပ်ရေး ကန်ထရိုက်တာနှင့် ချုပ်ဆိုထားသော တစ်ခြမ်းပေး၊ တစ်ခြမ်းယူ ကန်ထရိုက်စာချုပ်အား ယနေ့တိုင် ပြောင်းလဲပြင်ဆင်ချုပ်ဆိုခြင်း မရှိသေးပါ။ ထိုအခြေအနေအား ကွယ်လွန်သူ ဒေါ်တင်နွယ်အေး၏ အစ်ကို ဦးခင်မောင်သိန်း(ကွယ်လွန်)၏ သားဖြစ်သူ ဦးလင်းထက်အောင်မှ ဦးသောင်းလှိုင်အား ကန်ထရိုက်တာစာချုပ် ပြောင်းလဲချုပ်ဆိုပေးရန် ဦးသောင်းလှိုင် နေထိုင်ရာ လိပ်စာအသီးသီးသို့ လိုက်လံစုံစမ်းရှာဖွေပြုလုပ်ခဲ့ရာ ရှာဖွေမတွေ့ရှိနိုင်ခဲ့ပါ။ ထိုသို့ မတွေ့ရှိခြင်းသည် ဦးသောင်းလှိုင်မှာ သက်ရှိထင်ရှားမရှိ (သို့မဟုတ်) မြန်မာနိုင်ငံမှ အခြားနိုင်ငံတစ်ခုခုသို့ အပြီးအပိုင် သွားရောက်နေထိုင်ခြင်း ရှိမရှိ မသိခဲ့ရပါ။ ဦးသောင်းလှိုင်နှင့် ပတ်သက်၍ ထိုအခြေအနေပေါ်ပေါက်နေသဖြင့် ဦးသောင်းလှိုင်မှ ဇနီး ဒေါ်တင်နွယ်အေးနှင့် Golden Gate ကန်ထရိုက်တာတို့ ချုပ်ဆိုသော ကန်ထရိုက်တာစာချုပ်၌ ကွယ်လွန်သူ မြေရှင် ဒေါ်တင်နွယ်အေး နေရာ၌ ပါဝင်၍ ပြောင်းလဲချုပ်ဆိုခြင်း မရှိနိုင်ပါက ကွယ်လွန်သူ မြေရှင် ဒေါ်တင်နွယ်အေး၏ အစ်ကိုဖြစ်သူ ကွယ်လွန်သူ ဦးခင်မောင်သိန်း၏ တစ်ဦးတည်းသောသား ဦးလင်းထက်အောင်က အဒေါ်အရင်းဖြစ်သူ ကွယ်လွန်သူ မြေရှင် ဒေါ်တင်နွယ်အေး ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်၌ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံသူ တူအရင်းအဖြစ် ကန်ထရိုက်တာနှင့် ချုပ်ဆိုရန် အခြေအနေပေါ်ပေါက်လာရပါသည်။

သို့ဖြစ်ပါ၍ ဦးသောင်းလှိုင်၏ဇနီး ကွယ်လွန်သူ မြေရှင် ဒေါ်တင်နွယ်အေးနှင့် ကန်ထရိုက်တာတို့ချုပ်ဆိုခဲ့သော စာချုပ်တွင် မြေရှင် ဒေါ်တင်နွယ်အေး ကွယ်လွန်သည့်အတွက် ခင်ပွန်းဖြစ်သူ ဦးသောင်းလှိုင်မှ ဒေါ်တင်နွယ်အေးနှင့် ကန်ထရိုက်တာတို့ချုပ်ဆိုသော ပဋိညာဉ်စာချုပ်အား ဦးသောင်းလှိုင်မှ မြေရှင်အဖြစ် ဆက်ခံပါဝင်ချုပ်ဆိုရန် ဆန္ဒရှိမရှိ ဤကြေညာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ဦးလင်းထက်အောင်ထံသို့လည်းကောင်း ပြန်ကြားပေးရန် တောင်းဆိုကြေညာပါသည်။

အကယ်၍ ဤကြေညာသည့်ရက်အတွင်း ဦးသောင်းလှိုင်ဘက်မှ ပြန်ကြားချက်တစ်စုံတစ်ရာမရှိခဲ့ပါက မြေရှင် ဒေါ်တင်နွယ်အေးနှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုထားသော စာချုပ်အပေါ်၌ ပဋိညာဉ်ဥပဒေအရ ကွယ်လွန်သူ မြေရှင် ဒေါ်တင်နွယ်အေး၏ တူအရင်းအချာဖြစ်သူ ဦးလင်းထက်အောင်မှ မြေရှင် ဒေါ်တင်နွယ်အေး၏ အမွေဆက်ခံသူအဖြစ် ပဋိညာဉ်စာချုပ်အား ပြောင်းလဲချုပ်ဆိုသွားမည်ဖြစ်ကြောင်း Golden Gate ကုမ္ပဏီအပါဝင် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်းထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်သဇင်မြင့် (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၄၈)
အမှတ် (၁၉)၊ သဒ္ဓါသုခလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊
အင်းစိန်မြို့နယ်။ ဖုန်း- ၀၉-၂၅၄၃၁၆၄၆၀

ရန်ကုန်မြို့ခရိုင်မြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၁)တက္ကသိလာလမ်း၊မြေကွက်အမှတ်(၉၆၅)အကျယ်အဝန်း (၄၀×၆၀ပေ)ရှိ ဦးသိန်းထွန်း(စ)၀င်နိုကမှာ (၁၃/မမတ (နိုင်) ၀၀၇၂၈၃)အမည်ပေါက်နှစ်(၆၀)မြေပုံငွားဂရန်မြေကွက်ကြီးအတွင်းမှတရားဝင်မဆွဲမစိတ်ရသေးသောအဓနအဆောင်းဖြင့် မြေကွက်ကိုမျက်နှာမူကြည့်လျှင်(ညာဘက်ခြမ်း) (၂၀×၆၀ပေ) ရှိမြေကွက်အဓနရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့အား မြေအမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့် ဆင့်များဖြင့် ဒေါ်ခင်ဧအေးဇော်ထွန်း (၉/အမဓ (နိုင်) ၀၃၈၄၆၈) ကတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်၊အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီဧအေး(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၉)
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉- ၂၅၂၂၀၈၀၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ (၂၂) လမ်း၊ တိုက်အမှတ်-(၃/ခ) ဟုခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အဦ၏ (ပဉ္စမထပ်) (၆-လွှာ)၊ (၁၇-ပေ x ၅၄-ပေ) အကျယ်အဝန်းရှိသည့် တိုက်ခန်း (၁)ခန်းနှင့် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆောက်လုပ်သူ ကန်ထရိုက်တာ ဦးဇော်မိုးလတ် (Fancy Land Construction)ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ချိုချိုဝင်း [၁၂/သကတ(နိုင်) ၁၄၇၄၈၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးခင်ကျော် [၁၂/ဒပန(နိုင်)၀၀၈၄၀၅]**နှင့် **ဒေါ်ခင်နင်းသူ [၁၂/ဗတထ(နိုင်)၀၃၅၂၄၇]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤကိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၀/၁၃)
အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၂၃၁၀

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ အမှတ်-၄၆၊ UFC Tower(A)တွင် တည်ထောင်ဖွင့်လှစ်ထားသည့် CB Bank PCL (ရုံးချုပ်)(ယခင်သမဝါယမဓာတ်လီမိတက်)၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ လွှဲအပ်တာဝန်ပေးခြင်းခံရသူ ဒေါ်သိမ့်သိမ့် (အကြီးတန်း ဒုတိယအထွေထွေမန်နေဂျာ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၁။ ဦးနေမျိုးနိုင် [၁/မညန(နိုင်)၀၂၈၃၆၆]နှင့် ဒေါ်ငွေးငွေးဝင်း [၁/ကမန(နိုင်)၀၀၀၀၆၅]တို့ ဇနီးမောင်နှံက ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၆-B) (၄ လွှာ)ရှိ (ဝဲ+ယာ) တိုက်ခန်း (၂)ခန်းနှင့် ယင်းတိုက်ခန်းများနှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရာတွင် CB Bank PCL ထံတွင် Hire Purchase စနစ်ဖြင့် ချေးငွေ ကျပ်သိန်း (၁၃၈၀) (ကျပ်သိန်းတစ်ထောင့်သုံးရာ့ရှစ်ဆယ်တိတိ)ရယူ၍ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

၂။ လူကြီးမင်းတို့က ဖော်ပြပါတိုက်ခန်း(၂)ခန်းအား CB Bank PCL တွင် လစဉ်အရစ်ကျငွေပေးဆပ်ခြင်း စနစ်ဖြင့် ဝယ်ယူခဲ့သော်လည်း လူကြီးမင်းတို့သည် အဆိုပါဘဏ်ချေးငွေကို ဆက်လက်ရယူလိုခြင်း မရှိတော့သည့်အတွက် အထက်အပိုဒ်(၁)ပါ တိုက်ခန်း(၂)ခန်းကို CB Bank PCL သို့ (၁၈-၃-၂၀၂၂)ရက်နေ့တွင် လက်ရောက်ပေးအပ်ခဲ့သဖြင့် CB Bank PCL က ယင်းတိုက်ခန်း (၂)ခန်းကို လက်ရောက်ရရှိခဲ့ပါသည်။

၃။ သို့သော် လူကြီးမင်းတို့သည် အထက်အပိုဒ်(၁)ပါ တိုက်ခန်း(၂)ခန်းကို CB Bank PCL သို့ လက်ထိလက်ရောက်ပေးအပ်ခဲ့ပါသော်လည်း ထိုတိုက်ခန်းများအတွင်းရှိ လူကြီးမင်းတို့၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ယနေ့တိုင် ဖယ်ရှားပေးခြင်းမပြုခဲ့ပါ။

၄။ သို့ပါ၍ လူကြီးမင်းတို့က CB Bank PCL ထံမှ ချေးငွေဆက်လက်ရယူလိုခြင်းမရှိသည့်အတွက် လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့သည့် အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော တိုက်ခန်း(၂)ခန်းအတွင်းမှ လူကြီးမင်းတို့ပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အမြန်ဆုံး ဖယ်ရှားရှင်းလင်းပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့အနေဖြင့် ဤအသိပေး အကြောင်းကြားစာအပေါ် လိုက်နာခြင်းမရှိဘဲ တိုက်ခန်းအတွင်းရှိ ပစ္စည်းများကို ဖယ်ရှားရှင်းလင်းခြင်းမပြုပါလျှင် လူကြီးမင်းတို့ထံ ထပ်မံအကြောင်းကြားတော့မည်မဟုတ်ဘဲ ယင်းပစ္စည်းများ ဖယ်ရှားနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထပ်လောင်းသိစေအပ်ပါသည်။

CB Bank PCL ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)
အမှတ် (၈၃/၁၀) (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-402698729

အမည်ပြောင်း

သဃ်နိုးကျွန်းမြို့နယ်၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3မှ (ဘ) ဦးစိုးပိုင်ထူး၏သမီး မစိုးဇကေရီဇော်အား မစိုးဇကေရီဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မစိုးဇကေရီဦး

ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဇော်မင်းလတ် [၇/ဒဥန (နိုင်) ၁၁၆၆၄၄]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၇၅၁၇၂၅၂

အမှားပြင်ဆင်ချက်

၁၂-၂-၂၀၂၅ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၂၀)တွင် ကြေညာသော မင်္ဂလာဈေး ဆိုင်ခန်း အမည်ပြောင်း ကြေညာချက်တွင် မြေညီထပ်၊ ဆိုင်အမှတ် (၁၇၉၊ ၁၈၀၊ ၁၈၁)အစား ပထမထပ်၊ ဆိုင်အမှတ် (၁၇၉၊ ၁၈၀၊ ၁၈၁)ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန် ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဘီ(၁၂) လမ်း၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ တိုက်အမှတ်(၂၄)၊ အခန်းအမှတ် (၄၀၁)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော ယုဇနဆောက်လုပ်ရေးထံမှ ဒေါ်ဝင်းဝင်းချို [၁၂/ဗဟန(နိုင်) ၀၁၂၇၀၆]က ဝယ်ယူခဲ့ပြီး ၎င်းထံမှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ပြည့်ပြည့်ဖြိုးကြွယ် [၁၂/သကတ(နိုင်) ၁၇၈၃၇၅]က ယုဇနဆောက်လုပ်ရေးနှင့် ဒေါ်ဝင်းဝင်းချိုတို့ ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အထောက်အထားများတင်ပြပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့် စုံစွာဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန

ဒိဘရေမတ္တာ

ခင်ပွန်းသစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကြွံမြို့သစ်များ ခေတ်မီကောင်းမွန်စွာ ဆောင်ရွက်ပေးနေသော ဒိဘရေမတ္တာ ကုမ္ပဏီသို့ ဆက်သွယ်ပြီး ဝယ်ယူအသုံးပြုနိုင်ပါသည်။

09 - 407080736

အမြန်ရောင်းမည် (ဥယျာဉ်ခြံမြေ)

ရန်ကုန်မှအထွက်၊ အမြန်လမ်းမကြီးဘေး၊ 101 မိုင်နား၊ (115)မိုင် ဖြူးယာဉ်ရပ်နားဝင်း စားသောက်တန်းအနီး မြေ 8 ဧကကျော်၊ ကျွန်းပင်၊ မဟော်ဂနီပင်များပါသည်။ ခြံထဲ ကားဝင်လို့ရသည်။

ဆက်သွယ်ရန်- Ph: 09-43182001

ဦးညွှန့်ရွှေ [၇/ရတန(နိုင်)၀၂၅၈၁၁] နှင့် ဦးအောင်နိုင်ဦး [၁၄/၀ခမ(နိုင်)၁၄၆၂၃၉] တို့သိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ **FWK Co.,Ltd** ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့ထံပေးပို့ခဲ့သော (၁၁-၁၂-၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာပါအတိုင်း ပြန်လည်ပေးဆပ်ရန် ဝန်ခံကတိပြုထားသည့် ငွေကြေးများနှင့်စပ်လျဉ်း၍ ယခုအခါ လူကြီးမင်းတို့ဘက်မှ အတွေ့မခံတော့ဘဲ တမင်ရှောင်တိမ်းခြင်းဖြင့် အကြောင်းမဲ့ ပျက်ကွက်လျက်ရှိကြကြောင်း ညွှန်ကြားချက်အရ ကြားသိရသောကြောင့် လူမှုရေးအရ ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ဤကြော်ငြာပါသည့်နေ့မှ **(၇)ရက် (ရုံးချိန်)**အတွင်း ကျွန်ုပ်ထံသို့ မပျက်မကွက် လာရောက်တွေ့ဆုံ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် စေတနာကောင်းဖြင့် နောက်ဆုံးအကြိမ် အသိပေးကြေညာလိုက်ပါသည်။

FWK Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေများ**
ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)	**ဦးမင်းမင်း(စဉ်-၂၇၃၂၀)**
ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)	**ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)**
ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)	**ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)**

အမှတ်(၁၅၆)၊ ရေစကြံလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း- ၀၉-၄၃၁၃၃၄၉၀၊ ၀၉-၅၁၈၁၀၅၈၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ မြေကွက်အမှတ်- ၅၀၊ တိုက်အမှတ်- ၂၇၄ ဟုခေါ်တွင်သော (၃)ခန်းတွဲ၊ (၈)ထပ်တိုက်အဆောက်အဦရှိ အခန်းအမှတ် (၅-ဃ၃)၊ (C-4)။ (၂၀'x၅၀') အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်နေသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး"တို့အား ရောင်းသူ **ဦးမင်းဇော် [၁၂/လသန(နိုင်)၀၀၇၉၀၅]**မှ လက်ဝယ်ထားရှိပါကြောင်း၊ လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်မိတ်ဆွေ **ဒေါ်အေးနန္ဒာထွန်း [၇/မလန(နိုင်)၀၇၀၁၃၉]**က အပြီးအပိုင်ဝယ်ယူရန်အလို့ငှာ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဇင်မာအောင် (LL.B., D.B.L., D.M.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၃)
အမှတ်- ၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၀၀၆၁၃၀၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျက်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ဘုရားကုန်းအဆင့်(၁)၊ ဦးကျော်ညွှန့် အမည်ပေါက် အိုးအိမ်စလစ်၊ ပေ(၄၀×၆၀)ရှိ မြေကွက်အမှတ်(၉၇၇)နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော ရေမိုးစုံအဆောက်အဦ၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးစောဆာထူး [၁၂/အစန(နိုင်) ၁၈၅၁၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းသီဂီ [၁၂/ဒဂမ(နိုင်)၀၀၄၄၉၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ် စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ တိကျခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအိမ်ခြံမြေအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင်းသီဂီ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ် နွေးနွေးအိ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)
**ဖုန်း- ၀၉-၂

အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ သနပ်ပင်လမ်း(အုန်းပင်တန်း)၊ အမှတ် (၃၇၃)နေ ဦးချစ်ဦးဖြေ [၇/ပခန(နိုင်) ၁၆၉၉၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ သနပ်ပင်လမ်း(အုန်းပင်တန်း)၊ အမှတ် (၃၇၃)တွင် လုပ်ငန်းတည်ရှိသည့် **ဒေဝယကွ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း**သည် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ (၆-၁-၂၀၂၁)ရက်စွဲဖြင့် လိုင်စင်အမှတ် ၁/၂၀၂၁ တဆထလ/တိုး(၄၇၅)ဖြင့် **(၁)ဒေဝယကွအကျိတ်ကြေအနုမြူမန်းဆေး(ဆေးခဲ/ဆေးမှုန့်)** တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR (004068 (1223) ဖြင့်လည်းကောင်း၊ **(၂) မန်လည်အဖြေကျော်ဆေး(ဆေးမှုန့်)**၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 008042 (0124) ဖြင့်လည်းကောင်း၊ **(၃)မာဃဒေဝအမောလုံနှလုံးအားတိုးဆေး(ဆေးမှုန့်)**၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 011692 (1224)ဖြင့် လည်းကောင်း ထုတ်လုပ်ခွင့်ပြုခဲ့သကဲ့သို့ အခြားတိုင်းရင်းဆေး(၁၃)မျိုးကိုလည်း ဦးဖြေ၊ ဒေါ်စန္ဒာဝင်း၊ ဦးချစ်ဦးဖြေတို့(၃)ဦးအမည်ဖြင့် ထုတ်လုပ်ခွင့်ပြုခဲ့ပါသည်။

ဒေဝယကွတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ (၁) ဒေဝယကွ အကျိတ်ကြေအနုမြူမန်းဆေး (ဆေးခဲ/ဆေးမှုန့်)၊ (၂)မန်လည်အဖြေကျော်ဆေး(ဆေးမှုန့်)၊ (၃)မာဃဒေဝ အမောလုံနှလုံးအားတိုးဆေး (ဆေးမှုန့်) နှင့် အခြားတိုင်းရင်းဆေး (၁၃)မျိုးတို့ကို ယနေ့တိုင်ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးချစ်ဦးဖြေမှဦးစီး၍ ထုတ်လုပ်လျက်ရှိပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၆၃)
အမှတ်(၂၄/၁၄၄-၁၄၆)၊ မြို့ရောင်း(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊
ဥဿာမြို့သစ်၊ ပဲခူးမြို့။ ဖုန်း-၀၉-၂၅၀၂၉၉၇၆

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဓမ္မတိုင်းရပ်ကွက် အမှတ်(၆၇) အဂိန္ဒမာလမ်း၊ ဓမ္မကွက်အမှတ်(၅၃၃) (၄၀ × ၆၀)စပ ရှိသည့်အနက်မှ (၁၀ × ၆၀)ပေရှိ ခြေရင်းဘက်ခြမ်း၊ အလယ်ကွက်၊ တတိယဓမ္မကြမ် ခြမ်နှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ပါမစ်မြေနှင့်အိမ်သည် ဦးတင်လှိုင် (SRM-၀၁၆၅၇၀) အမည်ပေါက်ဖြစ်ပြီး ၎င်းထံမှ အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဒေါ်သန်းသန်းနွဲ့ (၁၂/သဃက(နိုင်)၀၇၀၉၂၂)က ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသည့်အတွက် အဆိုပါမြေနှင့်အိမ်ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မသန်းညို (၁၁/စတန(နိုင်)၀၄၄၃၅၉)က (စရန်ငွေ)ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးနေလင်းထွန်း (LL.B)၊
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၄၁)
Ph : 09 431 59906

၂၀၂၀ခုနှစ် Insolvency Law အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းဆဲ E-Voucher Company Limited ထံမှ ရရန်ရှိသည့် ကြွေးမြီများလာရောက်တောင်းခံကြပါရန် အသိပေးကြေညာခြင်း (Insolvency Law ပုဒ်မ ၂၀၁နှင့် Insolvency နည်းဥပဒေပုဒ်မ ၈၇အရ)

ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၂၁၉၁၁၉၉ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော E-Voucher Company Limited မှ ပေးရန်၊ ရရန်ရှိသည်များကို တောင်းဆိုသူများအနေဖြင့် ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့ထက် နောက်မကျစေဘဲ နံနက် (၉:၀၀)မှ ညနေ (၅:၀၀)အချိန်အတွင်း E-Voucher Company Limited မှ ခန့်အပ်ထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက် သက်သေခံအထောက်အထား ပုံစံတွင် ဖြည့်သွင်းလျက် ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဆက်သွယ် တင်ပြတောင်းဆိုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကေခိုင်ခိုင်လင်း
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ
လက်မှတ်ရပြည်သူ့စာရင်းကိုင် စဉ်-၉၃၇
လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ
အသင်းဝင်အမှတ်-၀၀၀၁၇

ဒေါက်တာဦးစိုးရွှေ [၃/ကကရ(နိုင်)၀၁၃၃၂၁] နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် (၇)၊ အခန်းအမှတ်(၁၀၄)တွင် နေထိုင်သူ ကျွန်မ ဒေါ်ခင်မေကြည် [၁၂/ရကန(နိုင်)၀၂၄၇၆၅]မှ အောက်ပါအတိုင်း ဒေါက်တာ ဦးစိုးရွှေနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မနှင့် ဒေါက်တာစိုးရွှေတို့သည် ကျွန်မပိုင်မြေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆ကံ၁၃)၊ မြေကွက်အမှတ်(၈ F/၃.A[က]) အကျယ်အဝန်း(၀.၀၆၈)ကော၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် (၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဒေါက်တာစိုးရွှေမှ အဆောက်အဦ ဆောက်လုပ်ကာ Service Apartment အခန်းများ ငှားရမ်းသည့် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ရန် မြေငှားရမ်းခြင်း သဘောတူစာချုပ်ဖြင့် သဘောတူညီခဲ့ပါသည်။ ထိုသို့သဘောတူညီချက်အရ မြေငှားရမ်းလုပ်ကိုင်ခွင့်ကတိစာချုပ်နှင့် (၁)နှစ်(၁)ကြိမ် မြေငှားရမ်းလုပ်ကိုင်ခွင့် သက်တမ်းတိုးစာချုပ်များကို ချုပ်ဆိုခဲ့ရာ သတ္တမမြောက်မြေငှားရမ်းလုပ်ကိုင်ခွင့်နှစ်ဦးသဘောတူကတိစာချုပ်ကို(၁-၁၂-၂၀၂၄)ရက်နေ့တွင် ချုပ်ဆိုရမည်ဖြစ်ရာ ဒေါက်တာ စိုးရွှေမှ ချုပ်ဆိုနိုင်ခြင်းမရှိသဖြင့် ကျွန်မနှင့် ဒေါက်တာဦးစိုးရွှေတို့သည် မြေရှင်မြေငှား ဆက်သွယ်မှုပြီးဆုံးသွားပြီဖြစ်ကြောင်း ဒေါက်တာဦးစိုးရွှေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မေကြည်
[၁၂/ရကန(နိုင်)၀၂၄၇၆၅]
အမှတ်(၇)၊ အခန်း(၁၀၄)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

သာလွန်ကော်

အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
Ph:09-420780797
09-261119599

တစ်ဦးတည်းဖြစ်ပါကြောင်း

သဃ်ိ နိုးကျန်းမြို့နယ်၊ အလက(၆)မှ အလယ်တန်းပြ ဆရာမ ဒေါ်စီစီခိုင်၏ ဖခင် အမည်မှာ ဦးခိုင်ဝက်နှင့် ဦးခိုင်ဂုက် [၁၂/သဃက(နိုင်) ၁၂၃၂၈၆]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးခိုင်ဝက်(ခ)ဦးခိုင်ဂုက်
[၁၂/သဃက(နိုင်)၁၂၃၂၈၆]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက် အမှတ်(၇၈၅)ဟုခေါ်တွင်သော (အလျားငုပေ၊အနံ ၆၀ပေ)အကျယ်အဝန်းရှိ ဦးထွန်းအောင်ကျော်[၉/မရမ(နိုင်)၀၇၄၇၉၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်ကို (၁)ဒေါ်အေးအေးဝန်း[၁၂/မရက(နိုင်)၀၃၀၆၆၉]၊ (၂)ဦးသန်းထိုက် [၁၂/မရက(နိုင်)၀၃၀၁၈၅]၊ (၃)ဒေါ်သန္တာစိုး[၁၂/မရက(နိုင်)၀၄၀၅၅၇] တို့မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ချစ်(စလင်း) LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)
Ph-09954280932
အမှတ်(၈၁)။ တကောင်း(၅)လမ်း၊
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဒေါ်မိုးယုနွယ်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)
LL.B, D.B.L, D.I.L, D.M.L,
WIPO(Switzerland)
Ph:09-420080932,09-983837110

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်ခန်းများထဲမှ မြေညီထပ် (ခေါင်းရင်းခန်း)၊ တိုက်ကို မျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၈ ပေ x အနံ ၅၄ ပေ) ရှိသော တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီးပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးလွင်မိုးသက် [၁၂/သကတ(နိုင်)၁၆၁၄၀၇၉၂]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ခိုင်ရည်ဝင်းပြည့် [၁၂/ဒပန(နိုင်)၀၅၉၀၈၂]** မှ အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မျိုးဝင်း LL.B, LL.M. (International Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၆)
အမှတ်(၄၈)၊ မာန်ပြေ (၁၆)လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-751887820, ၀၉-259017207

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၄၈၀/ခ)၊ ဧရိယာ(၂၀ပေx၆၀ပေ) မြေကွက်တည်နေရာအမှတ် (၄၈၀)၊ မြနန္ဒာ(၁)လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အရန်မိ [၁၂/သကတ(နိုင်)၁၁၇၇၂၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်အရန်မိ [၁၂/သကတ(နိုင်)၁၁၇၇၂၉](မိခင်) နှင့် ဦးကာစင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်မေစီအေး [၁၂/သကတ(နိုင်)၁၉၂၈၉၆]၊ ဒေါ်ဘေဘီသန်း [၁၂/သကတ(နိုင်)၁၆၁၇၀၄]၊ ဒေါ်ဝါဝါလွင် [၁၂/သကတ(နိုင်)၁၉၂၈၉၅] တို့မှ ကွယ်လွန်သူမိဘများတွင် သမီးအရင်းများဖြစ်ကြသော မိမိတို့ညီအစ်မ (၃)ဦးတည်းကိုသာ မွေးဖွား ထွန်းကားခဲ့ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောသားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိတို့နှင့်မိဘများသည် အစ္စလာမ် ဘာသာကိုးကွယ်သူများဖြစ်ကြသော်လည်း မိဘများမကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း ကွယ်လွန်သူ မိဘများနှင့် မိမိတို့သည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ မိဘများကွယ်လွန်ကြပြီးနောက် အထက် ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ သမီးအရင်းများဖြစ်ကြသော မိမိတို့ညီအစ်မ (၃)ဦးတည်း ကသာလျှင် အစ္စလာမ့်ဓလေ့ထုံးတမ်းအမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မိမိတို့၏ မိခင်ဖြစ်သူ မြေအမည်ပေါက်၏အမည်မှာ ဒေါ်အရန်မိနှင့် ဒေါ်အရန်မီဟူ၍ အမည်အားဖြင့် (၂)မျိုးပေါ်ပေါက်နေသော်လည်း [လူပုဂ္ဂိုလ်အားဖြင့် တစ်ဦး တစ်ယောက်တည်းသာလျှင်ဖြစ်သည်မှာ မှန်ကန်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ (၁)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်အရန်မိ (မိခင်)၏ သေဆုံးမှုလက်မှတ်၊ ဦးကာစင်သေဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ဦးကာစင်၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ သေမှတ်ပုံတင်လက်ခံစာအုပ်မှ ဟောင်းနွမ်းပျက်စီးနေပါသောကြောင့် တိုက်ဆိုင်စစ်ဆေး၍မရသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ (၁၂-၁၂-၂၀၂၄)ရက်စွဲပါ အကြောင်းပြန်ကြားစာ၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး] လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ (၃၃)လမ်းအထက်၊ အမှတ်(၁၈၂၂၉၂)၊ အနောက်ရထားလမ်း၊ အမှတ်(၁၆၄)၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၄၁)၊ (၃၃)လမ်းဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ Naing Group Sule Tower (၁၂)ထပ်+Pent House(Lift)ပါ အဆောက်အဦ၏ ယခင်အခန်းအမှတ် (၂၅)၊ ယခုအခန်းအမှတ်(၇၁)။ တတိယထပ်ထောင့်ခန်း၊ (အလျား ၁၆ပေx အနံ ၄၃ပေ)။ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဂူလမ်ဟူစိန်(ခ)ဦးခင်မောင်လေး [၁၂/ကတတ(ပြု)၀၀၁၁၂၀] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဟန်နီအောင် [၁၂/ ကတတ(နိုင်)၀၃၀၂၀၅] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်တို့ထံ သို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ချစ်(စလင်း) LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)
Ph-09954280932
အမှတ်(၈၁)။ တကောင်း(၅)လမ်း၊
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဒေါ်မိုးယုနွယ်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)
LL.B, D.B.L, D.I.L, D.M.L,
WIPO(Switzerland)
Ph:09-420080932,09-983837110

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၄၈၀/ခ)၊ ဧရိယာ(၂၀ပေx၆၀ပေ) မြေကွက်တည်နေရာအမှတ် (၄၈၀)၊ မြနန္ဒာ(၁)လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အရန်မိ [၁၂/သကတ(နိုင်)၁၁၇၇၂၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်အရန်မိ [၁၂/သကတ(နိုင်)၁၁၇၇၂၉](မိခင်) နှင့် ဦးကာစင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်မေစီအေး [၁၂/သကတ(နိုင်)၁၉၂၈၉၆]၊ ဒေါ်ဘေဘီသန်း [၁၂/သကတ(နိုင်)၁၆၁၇၀၄]၊ ဒေါ်ဝါဝါလွင် [၁၂/သကတ(နိုင်)၁၉၂၈၉၅] တို့မှ ကွယ်လွန်သူမိဘများတွင် သမီးအရင်းများဖြစ်ကြသော မိမိတို့ညီအစ်မ (၃)ဦးတည်းကိုသာ မွေးဖွား ထွန်းကားခဲ့ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောသားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိတို့နှင့်မိဘများသည် အစ္စလာမ် ဘာသာကိုးကွယ်သူများဖြစ်ကြသော်လည်း မိဘများမကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း ကွယ်လွန်သူ မိဘများနှင့် မိမိတို့သည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ မိဘများကွယ်လွန်ကြပြီးနောက် အထက် ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ သမီးအရင်းများဖြစ်ကြသော မိမိတို့ညီအစ်မ (၃)ဦးတည်း ကသာလျှင် အစ္စလာမ့်ဓလေ့ထုံးတမ်းအမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မိမိတို့၏ မိခင်ဖြစ်သူ မြေအမည်ပေါက်၏အမည်မှာ ဒေါ်အရန်မိနှင့် ဒေါ်အရန်မီဟူ၍ အမည်အားဖြင့် (၂)မျိုးပေါ်ပေါက်နေသော်လည်း [လူပုဂ္ဂိုလ်အားဖြင့် တစ်ဦး တစ်ယောက်တည်းသာလျှင်ဖြစ်သည်မှာ မှန်ကန်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ (၁)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်အရန်မိ (မိခင်)၏ သေဆုံးမှုလက်မှတ်၊ ဦးကာစင်သေဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ဦးကာစင်၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ သေမှတ်ပုံတင်လက်ခံစာအုပ်မှ ဟောင်းနွမ်းပျက်စီးနေပါသောကြောင့် တိုက်ဆိုင်စစ်ဆေး၍မရသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ (၁၂-၁၂-၂၀၂၄)ရက်စွဲပါ အကြောင်းပြန်ကြားစာ၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး] လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဦး [၁၂/သဃက(နိုင်) ၀၄၀၇၁၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဦး [၁၂/သဃက(နိုင်) ၀၄၀၇၁၀၆] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက် ၈/၂ တိုးချဲ့၊ မ၁၂သကလမ်း၊ မြေကွက်ကြီးအမှတ်-၈/၂၊ အိမ်ရာကွက်ငယ်အမှတ်(၁၉၀)၊ အကျယ် (၄၀x၆၀)ပေရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး"** တို့အား တရားဝင်ပိုင်ဆိုင်ခဲ့သူဖြစ်သော **"ဒေါ်အေးအေးဝွင် [၁၂/ သဃက(နိုင်)၀၃၂၁၅၅]"** ထံမှ တရားဝင်ဝ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရန်ကုန်မြို့ရှိ ဆေးသိုလှောင်ရုံများနှင့် နေပြည်တော်ဆေးသိုလှောင်ရုံများမှ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိ ကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ်	–	Tender.25.Transport(3rd) (2024–2025)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	–	၁၈–၂–၂၀၂၅ ရက်
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်	–	၃–၃–၂၀၂၅ ရက် မွန်းတည့် (၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း–၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အများသိစေရန်အသိပေးကြော်ငြာခြင်း

